မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၂ ရက်၊ ၂၀၁၁ ခုနှစ်၊ ဧပြီ ၃၀ ရက်၊ စနေနေ့၊ အတွဲ (၅၀)၊ အမှတ် (၂၀၇)

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်	စီးပွားရေး ဦးတည်ချက် (၄) ရပ်	လူမှုရေး ဦးတည်ချက် (၄) ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး * အမျိုးသား စည်းလုံးညီညွတ်မှုခိုင်မာရေး * စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး * ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး	* စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး * နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး * အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး * စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကလေးသေဆုံးမှုကျဆင်းရေး မွေးကင်းစကလေးစောင့်ရှောက်မှုကွန်ရက် ထူထောင်ဆောင်ရွက်သွားမည်

နေပြည်တော် ဧပြီ ၂၉

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန အမျိုးသမီးနှင့် ကလေးကျန်းမာဖွံ့ဖြိုးရေးဌာနစိတ်နှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သည့် မွေးကင်းစကလေးစောင့်ရှောက်မှုကွန်ရက်ထူထောင်ရေး အစည်းအဝေး (Child Survival Forum: Advocacy and coordination meeting on newborn networking) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ သင်္ဂဟဟိုတယ် Function Hall ခန်းမ၌ ကျင်းပသည်။

ရည်မှန်းချက်

ရှေးဦးစွာ သဘာပတိ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က အဖွင့်အမှာစကားပြောကြားရာ၌ ထောင်စုနှစ် ဖွံ့ဖြိုးမှုပန်းတိုင်ပါ ရည်မှန်းချက် အမှတ်(၄)ဖြစ်သော ကလေးသေဆုံးမှု ကျဆင်းရေးအတွက် မွေးကင်းစကလေး စာမျက်နှာ ၃ ကော်လံ ၁ ❒

ဧရာဝတီတံတား(မလွန်) ချဉ်းကပ်တံတားအား ကွန်ကရစ်ကြမ်းခင်းလောင်းနေကြစဉ်။

ကားနှင့်ရထား နှစ်မျိုးသွားနိုင်မည့် ဧရာဝတီတံတား(မလွန်) ချဉ်းကပ်ကားလမ်း၊ တံတားတိုင်များ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်၍ ကြမ်းခင်းလုပ်ငန်းဆောင်ရွက်နေ

သတင်းဆောင်းပါး - ခရမ်းစိုးမြင့် ➢ ဓာတ်ပုံ - ကျော်မိုးလွင်

နေပြည်တော် ဧပြီ ၂၉

ရိုးမဖြတ်ကျော်လမ်း ခုနစ်လမ်းအနက်မှ ပဉ္စမလမ်းဖြစ်သည့် နေပြည်တော်ပျဉ်းမနား - တောင်ညို - ချောင်းနက် - တောင်တွင်းကြီးလမ်းပေါ်၌ ကျွန်တော်တို့အဖွဲ့အား တင်ဆောင်လာသော စူပါဆလွန်းကားကလေးသည် တရိပ်ရိပ်ပြေးလျက်ရှိသည်။

ကြည့်ရှုခံစား

ဦးတည်မောင်းနှင်နေသည်က မကွေးတိုင်းဒေသကြီးအတွင်းသို့ဖြစ်သည်။ မကွေးသည် မြေလတ်ဒေသဖြစ်၍ တောင်တွင်းကြီးမြို့ အစပ်ရောက်သည်နှင့် ထနောင်း၊ မန်ကျည်းနှင့် တမာရနံ့တို့က ထုံသင်းစပြုလာသည်။ ယခင်က ရန်ကုန်မှကားဖြင့် မကွေးသို့သွားလျှင် ပြည်လမ်းအတိုင်းသွားရပြီး ပြည်-အောင်လံ-တောင်တွင်းကြီး-မကွေးသို့ တစ်လမ်းသာရှိသည်။ ယခုမူ ရန်ကုန်မှ နေပြည်တော်-တောင်ညို-ချောင်းနက်ကားလမ်းမှလည်း သွား၍ရသည်။ ထိုလမ်းမှသွားစဉ် ပဲခူးရိုးမပေါ်မှ ဖြတ်သန်းရ၍ သဘာဝတောတောင်တို့၏ အလှအပများကိုလည်း တဝကြီးကြည့်ရှုခံစားရသည်။

တောင်တွင်းကြီးမြို့ကိုကျော်တော့ ကားကို မကွေးသို့ ဦးတည်လိုက်သည်။ ထို့နောက် မကွေးခရိုင် ရွာသစ်ကျေးရွာနှင့် စစ်ကိုးပင်ကျေးရွာအနီး မိချောင်းရဲ၊ ပဌနဂိုရ်ကားလမ်းအတိုင်း ဆက်လက်မောင်းလာခဲ့ရာ မိုင်တိုင်အမှတ် ၁၁/၄ နှင့် ၁၁/၅ အကြားသို့အရောက်တွင် ဧရာဝတီတံတား(မလွန်) တည်ဆောက်ရေးစီမံကိန်းကို တွေ့ရသည်။ စာမျက်နှာ ၈ ကော်လံ ၁ ❖

ဧရာဝတီတံတား(မလွန်) မိချောင်းရဲဘက်ကမ်း ချဉ်းကပ်တံတားတည်ဆောက်နေမှုလုပ်ငန်းခွင်ကို ဤသို့တွေ့ရသည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၁ ခုနှစ် ဧပြီ ၃၀ ရက်)

ဒေသဖွံ့ဖြိုးတိုးတက်ရေး တံတားများတိုးမြှင့်တည်ဆောက် တံတားများရေရှည်တည်တံ့ရေး ဝိုင်းဝန်းထိန်းသိမ်း

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် အင်္ဂပူမြို့နယ် ဟင်္သာတ-ဆုံကုန်း-မြန်အောင်လမ်းပေါ်ရှိ မမြချောင်းတံတားဖွင့်ပွဲအခမ်းအနားကို ဧပြီ ၂၈ ရက်က အဆိုပါတံတားအနီးရှိ မဏ္ဍာလမဏ္ဍပ်၌ ကျင်းပခဲ့သည်။

ယင်းတံတားသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရလက်ထက် ပထမဦးဆုံး ဖွင့်လှစ်သောတံတားအမှတ်စဉ်(၁)ပင်ဖြစ်သည်။ မမြချောင်းတံတားသည် ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် အင်္ဂပူမြို့နယ် ဟင်္သာတ-ဆုံကုန်း-မြန်အောင်လမ်း မိုင်တိုင်အမှတ် (၄၂/၆) တွင် တည်ရှိသည်။

မမြချောင်းတံတား ဖွင့်လှစ်ပေးလိုက်ခြင်းဖြင့် ဧရာဝတီတိုင်းဒေသကြီးမှ ထွက်ရှိသည့် ရေထွက်ပစ္စည်းနှင့် ဆန်စပါးများကို မြန်မာပြည်အရှေ့မှ အနောက်၊ တောင်မှ မြောက်သို့ လမ်းကွန်ရက်သဖွယ် ဆက်သွယ်ဖောက်လုပ်ထားသည့် လမ်းများမှတစ်ဆင့် နိုင်ငံတစ်ဝန်းသို့ ပိုမိုမြန်ဆန်စွာ ပို့ဆောင်နိုင်တော့မည်ဖြစ်သည်။ ဒေသ၏ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးကဏ္ဍများသည်လည်း အဘက်ဘက်မှ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

မမြချောင်းတံတားသစ်ကြီးသည် သံကူကွန်ကရစ်လွန်တူးပိုင် အုတ်မြစ်အမျိုးအစားဖြစ်ပြီး အောက်ထည်နှင့် အပေါ်ထည်ကို သံကူကွန်ကရစ်ဖြင့် တည်ဆောက်ထားသည်။ တံတားအောက်ရေလမ်း ကင်းလွတ်နယ် အကျယ် ၅၈ ပေ၊ အမြင့် သုံးပေရှိသည်။ မူလက ယင်းတံတားသည် အရှည်ပေ ၁၅၀ (ပေ ၄၀ သစ်သားတံတား၊ ပေ ၄၀ ဘေလီတံတား+ပေ ၇၀ သစ်သားတံတား) ဖြစ်သည်။ တံတားအကျယ်သည် ၁၂ ပေသာရှိသည်။ ယခုဖွင့်လှစ်လိုက်သည့် တံတားကြီးသည် အရှည် ပေ ၁၉၀၊ တံတားအကျယ်ပေ ၃၀ သံကူကွန်ကရစ်တံတားဖြစ်သည်။

ယင်းတံတားသစ်ကြီးသည် ယခုအခါ ယာဉ်ကြီး၊ ယာဉ်ငယ်များနှင့် လိုက်လျောညီထွေဖြစ်ပြီး အချိန်တိုအတွင်း အန္တရာယ်ကင်းစွာဖြင့် ဖြတ်သန်းသွားလာနိုင်တော့မည်ဖြစ်သည်။

ဧရာဝတီတိုင်းဒေသကြီးအနေဖြင့် နိုင်ငံတော်အစိုးရက တည်ဆောက်ပေးခဲ့သည့် ပေ ၁၈၀နှင့်အထက် ၅၅ စင်းမြောက် တံတားကြီးဖြစ်သည်။ နိုင်ငံတော်အနေဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကောင်းများကို တည်ဆောက်ပေးထားရာ ဒေသခံပြည်သူများသည် မိမိတို့၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ဦးချင်းကြိုးစားလုပ်ကိုင်သွားကြရမည်ဖြစ်ပြီး တည်ဆောက်ဖောက်လုပ်ထားသည့် လမ်း၊ တံတားများကို ရေရှည်တည်တံ့ရန် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် ပြည်ပကိုယ်စားလှယ်အဖွဲ့တွေ့ဆုံ

ရန်ကုန် ဧပြီ ၂၉

နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံရေးလုပ်ငန်းများ တိုးမြှင့် ဆောင်ရွက်နိုင်ရေးကိစ္စ၊ မြန်မာနိုင်ငံ၏ရင်းနှီးမြှုပ်နှံမှု အခြေအနေ၊ စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒဆိုင်ရာ ကိစ္စများ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် ဘဏ်လုပ်ငန်းဆိုင်ရာလုပ်ထုံးလုပ်နည်းများ၊ မွေးမြူရေးလုပ်ငန်း၊ စက်မှုဇုန်များတွင် ရင်းနှီးမြှုပ်နှံမှုနှင့် ဆောင်ရွက်လုပ်ကိုင်နေမှုအခြေအနေများကို ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးဝင်းအောင်၊ ဦးဇော်မင်းဝင်း၊ ဦးထွန်းအောင်၊ တွဲဖက်အထွေထွေအတွင်းရေးမှူး ဒေါက်တာမျိုးသက်နှင့် ဖိတ်ကြားထားသော ဗဟိုအလုပ်အမှုဆောင်နှင့် အလုပ်အမှုဆောင်များအား ထိုင်းနိုင်ငံ Thailand Board of Investment (BOI)မှ Mrs. Vasana Mututan ont, Executive Director of International Affairs Bureau ဦးဆောင်၍ အဖွဲ့ဝင် ၂၂ ဦး ပါဝင်သော ကိုယ်စားလှယ်အဖွဲ့က ဧပြီ ၄ ရက် နံနက်ပိုင်းတွင် အသင်းချုပ်ရုံးသို့ လာရောက်တွေ့ဆုံပြီး ရင်းနှီးစွာ ဆွေးနွေးကြသည်။

လက်ခံတွေ့ဆုံ

အလားတူ ယင်းနေ့မွန်းလွဲပိုင်းတွင် အသင်းချုပ်ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးဇော်မင်းဝင်း၊ ဦးအောင်လွင်၊ တွဲဖက်အထွေထွေအတွင်းရေးမှူး ဒေါက်တာမျိုးသက်နှင့် ဖိတ်ကြားထားသော ဗဟိုအလုပ်အမှုဆောင်နှင့် အလုပ်အမှုဆောင်များ ပါဝင်သောအဖွဲ့သည် ဗီယက်နမ်နိုင်ငံ Hanoi Import Export & Investment Co,Ltd မှ Mr. Tran Manh Dung ခေါင်းဆောင်၍ အဖွဲ့ဝင် ရှစ်ဦးပါဝင်သော ကိုယ်စားလှယ်အဖွဲ့အား အသင်းချုပ်ရုံး၌ လက်ခံတွေ့ဆုံခဲ့ကြသည်။

တွေ့ဆုံပွဲတွင် စားသောက်ကုန်လုပ်ငန်း၊ ခရီးသွားလုပ်ငန်း၊ လူသုံးဆေးဝါးလုပ်ငန်း၊ Supermarket လုပ်ငန်းတို့ကို ပူးပေါင်းဆောင်ရွက်နိုင်ရန်ကိစ္စ၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်လိုခြင်းကိစ္စ၊ လယ်ယာစိုက်ပျိုးရေးဆိုင်ရာကိစ္စတို့ကို ရင်းနှီးစွာ ဆွေးနွေးကြကြောင်း သိရှိရသည်။

(ကုန်သည်/စက်မှုအသင်းချုပ်)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိ မွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မွန်ပြည်နယ်သစ်တောဝန်ကြီးဌာနဝန်ကြီး စိုက်ခင်းများကြည့်ရှုစစ်ဆေး

ရန်ကုန် ဧပြီ ၂၉

မွန်ပြည်နယ် သစ်တောဝန်ကြီးဌာနဝန်ကြီး ဦးဝင်းမော်ဦးသည် မွန်ပြည်နယ်သစ်တောဦးစီးဌာနနှင့် မြန်မာ့သစ်လုပ်ငန်းဝန်ထမ်းများအား ဧပြီ ၇ ရက်က မွန်ပြည်နယ်သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးရုံး၌ တွေ့ဆုံမှာကြားသည်။

ထို့နောက် ဧပြီ ၈ရက်တွင် မွန်ပြည်နယ် မြန်မာ့သစ်လုပ်ငန်း ဒုတိယအထွေထွေမန်နေဂျာရုံး မော်လမြိုင်မြို့နယ် သစ်တောဦးစီးဌာန မြိုင်သာယာ အမြဲတမ်းပျိုးဥယျာဉ် ၂၀၁၀ ခုနှစ် တန်ဖိုးနည်းကျေးလက်အိမ်ရာ တစ်ရွာ တစ်ဧက သစ်မာယူကလစ်စိုက်ခင်းနှင့် ဖားအောက်ကျေးရွာ တစ်အိမ်ထောင် ကျွန်းသုံးပင်အစုအဖွဲ့ ကျွန်းစိုက်ခင်းတို့ကို ကြည့်ရှုစစ်ဆေးပြီး ဧပြီ ၂၃ ရက်တွင် မော်လမြိုင် (တွဲဖက်-ချောင်းဆုံမြို့နယ်)သို့ ရောက်ရှိ၍ ချောင်းဆုံမြို့နယ် တာဝန်ခံရုံး သစ်၌ အင်ကြင်းပင်စိုက်ပျိုးပေးကာ ပျိုးဥယျာဉ်နှင့် ကုလားတို့ကျေးရွာ တစ်ရွာ တစ်ဧက သစ်မာယူကလစ်စိုက်ခင်းတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မိုးကောက်မြို့ မြို့မဈေး မီးဘေးလုံခြုံရေးစစ်ဆေး

မိုးကောက် ဧပြီ ၂၉

မိုးကောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေးနှင့် လုံခြုံရေး ဆောင်ရွက်ထားရှိမှုကို မတ် ၁၅ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းဝင်းနှင့် မီးသတ်ဦးစီးဌာန မြို့နယ်တာဝန်ခံ ဦးပြေငြိမ်းတို့ ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရှိရသည်။

(မြို့နယ်စည်ပင်)

ယာဉ်မတော်တဆဖြစ်ပွားမှု ပပျောက်ရေး ကျိုင်းတုံမြို့၌ ကွင်းဆင်းစစ်ဆေး

ကျိုင်းတုံ ဧပြီ ၂၉

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးကျော်လွင် ခေါင်းဆောင်၍ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ (ယာဉ်ထိန်း)နှင့် မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီတို့ ပူးပေါင်းပါဝင်သောအဖွဲ့သည် ဧပြီ ၂၅ ရက်က အဝေးပြေးယာဉ်ရပ်နားစခန်းမှ တာချီလိတ်မြို့နှင့် တောင်ကြီးမြို့များသို့ ထွက်ခွာမည့်ယာဉ်များအား ယာဉ်မတော်တဆဖြစ်ပွားမှုပပျောက်ရေးအတွက် ယာဉ်စည်းကမ်းလိုက်နာရေး ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရှိရသည်။

(အပေါ်ပုံ) (ကညန)

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံတပ်မြို့ ခရေပင်ရိပ်မွန်(၂) စပယ်ဖြူလမ်းနေ အဂ္ဂမဟာသီရိသုဓမ္မဇောတိကဓဇ ဒေါ်ဒေါ်ကြင်မိသားစုက ထာဝရဆွမ်းပဒေသာပင်၊ ဆေးပဒေသာပင်၊အဆောက်အအုံပဒေသာပင် ဘိုးဘွားတစ်ဦးစာအိပ်ရာစုံအတွက် ငွေကျပ် ခြောက်သိန်းငါးသောင်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာအမှုဆောင်အဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးချစ်မြိုင်ထံ ပေးအပ်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)

စာပေမြင့်မှ လူမျိုးတင့်မည်

❒ ရှေ့ဖုံးမှ

နာမကျန်းမှုများ၊ သေဆုံးမှုများကို လျှော့ချနိုင်ရန် မွေးကင်းစကလေး စောင့်ရှောက်မှု အရည်အသွေးကို မြှင့်တင်နိုင်ရေးနှင့် မွေးကင်းစကလေး စောင့်ရှောက်မှုဆိုင်ရာ သတင်းအချက်အလက်များ အသုံးပြုနိုင်ရေးသည် များစွာအရေးကြီးကြောင်း၊ မွေးကင်းစကလေး စောင့်ရှောက်မှုကို ဆောင်ရွက်လျက်ရှိကြသော အဖွဲ့အစည်းများအတွင်း ပိုမိုလက်တွဲပူးပေါင်း လုပ်ကိုင်နိုင်ရန်အတွက် မွေးကင်းစကလေး စောင့်ရှောက်မှု ကွန်ရက်ထူထောင်မှုသည် လွန်စွာအရေးပါကြောင်း။

ပိုမိုဦးစားပေး

ငါးနှစ်အောက် ကလေးသေဆုံးမှုများအနက် အဓိကဖြစ်သည့် မွေးကင်းစကလေး သေဆုံးမှုကို လျှော့ချနိုင်ရန်အတွက် မိခင်နှင့်မွေးကင်းစကလေး စောင့်ရှောက်မှုကဏ္ဍကို ပိုမိုဦးစားပေး မြှင့်တင်ဆောင်ရွက်ရန်လိုကြောင်း။

မွေးကင်းစကလေး ကျန်းမာရေး စောင့်ရှောက်မှုများကို ဆောင်ရွက်လျက်ရှိကြသူများအား မွေးကင်းစကလေး ကျန်းမာရေးကဏ္ဍနှင့် သက်ဆိုင်သော သတင်းအချက်အလက်များကို ပံ့ပိုးပေးရန်လိုကြောင်း၊ အဆိုပါ သတင်းအချက်အလက်များသည် စီမံကိန်းရေးဆွဲခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ စောင့်ကြပ်ကြည့်ရှုခြင်းများအတွက် များစွာအသုံးဝင်ကြောင်း၊ မွေးကင်းစကလေး ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို ပိုမိုကောင်းမွန်အောင် ဆောင်ရွက်နိုင်ရေးအတွက် ပံ့ပိုးပေးနေကြောင်း။

ပိုမိုဆောင်ရွက်

သို့ဖြစ်၍ မွေးကင်းစကလေး စောင့်ရှောက်မှု ကွန်ရက်ထူထောင်ရေးအတွက် မိခင်နှင့် မွေးကင်းစကလေး ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်လျက်ရှိကြသူများ အတူတကွ ပိုမိုလက်တွဲ ပူးပေါင်းဆောင်ရွက်ရန် အရေးကြီးကြောင်း၊ ကမ္ဘာ့နိုင်ငံများတွင်လည်း အဆိုပါ ကွန်ရက်ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါ ကွန်ရက်ဖွဲ့စည်းခြင်းဖြင့် မွေးကင်းစကလေး ကျန်းမာရေးစောင့်ရှောက်မှုများကို တညီတညွတ်တည်း ပိုမိုဆောင်ရွက်နိုင်ကြပြီး အကောင်းဆုံးသော ကျန်းမာရေးစောင့်ရှောက်မှုများ ပေးနိုင်မည် ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် Dr. Ramesh Shrestha ကိုယ်စား Young Child Survival and Development ဌာနမှူး Dr. Marinus Gotink က အမှာစကားပြောကြားသည်။

ယင်းနောက် အစည်းအဝေးကို ဆက်လက်ကျင်းပရာ သဘာပတိအဖြစ် ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းသိန်းဌေးက ဆောင်ရွက်ပြီး ကျန်းမာရေးဝန်ကြီးဌာန ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့တို့မှ ကိုယ်စားလှယ်များ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ကျွမ်းကျင်သူ ပညာရှင်များ၊ နိုင်ငံတကာလူမှုရေး အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ပါမောက္ခ/ဌာနမှူးများနှင့် ကလေးအထူးကု ဆရာဝန်ကြီးများတက်ရောက်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်းအား SK Telecom (Korea) မှ Senior Vice President လာရောက်တွေ့ဆုံ

နေပြည်တော် ဧပြီ ၂၉

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်းအား SK Telecom (Korea) မှ Senior Vice President Mr. Lee Yong Hwang နှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံမိုဘိုင်းလ်ဆက်သွယ်မှုဆိုင်ရာ နည်းပညာပူးပေါင်းတိုးမြှင့်ဆောင်ရွက်ရေး ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လာရောက်တွေ့ဆုံ

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်းအား SK Telecom (Korea) မှ Senior Vice President Mr. Lee Yong Hwang နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အမေရိကန်ပြည်ထောင်စု သံရုံးမှ သံရုံးယာယီတာဝန်ခံ Mr. Larry M. Dinger နှင့် ပထမအတွင်းဝန် Mr. Adam Neury တို့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်အား အမေရိကန်သံရုံးယာယီတာဝန်ခံ လာရောက်တွေ့ဆုံ

နေပြည်တော် ဧပြီ ၂၉

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အမေရိကန်ပြည်ထောင်စုသံရုံးမှ သံရုံးယာယီတာဝန်ခံ Mr. Larry M. Dinger နှင့် ပထမအတွင်းဝန် Mr. Adam Neury တို့သည် ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာ၌ HIV/AIDS နှင့် တီဘီ၊ ငှက်ဖျားရောဂါတိုက်ဖျက်ရေး လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးကိစ္စများတွင် ရောဂါရှာဖွေရေး အဆင့်မြှင့်တင်ရေးလုပ်ငန်းများ၊ ကာကွယ်ဆေးထိုးလုပ်ငန်းများနှင့် အခြားကျန်းမာရေးဆိုင်ရာ လိုအပ်ချက်များကို ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ညောင်ရွှေစည်ပင်သာယာ ဖောင်တော်ပြန်လမ်းကတ္တရာခင်း

ညောင်ရွှေ ဧပြီ ၂၉

ညောင်ရွှေမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဖောင်တော်ပြန်လမ်း ကတ္တရာလမ်း ဆောင်ရွက်ပြီးစီးမှုကို မတ် ၁ ရက်က ရှမ်းပြည်နယ် (တောင်ပိုင်း) စည်ပင်သာယာရေးအဖွဲ့မှ ညွှန်ကြားရေးမှူး ဦးအောင်မြင့်ဆွေ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကျော်ဇင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသန်းနိုင်တို့က ရှင်းလင်းတင်ပြကြကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဝန်ထမ်းများတွေ့ဆုံပွဲကျင်းပ

နေပြည်တော် ဧပြီ ၂၉

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ အဓိကရည်မှန်းချက်တာဝန်ကြီး(၃)ရပ်အပေါ် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များနှင့်အညီ ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်ရေးကိစ္စရပ်များ၊ လတ်တလော ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ ရေ့ရှည်မှန်းချက်လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် တွေ့ဆုံပွဲအခမ်းအနား၌ မှာကြားခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ဦးစီးဌာနမှူးများ၊ အထူးခရိုင်ဦးစီးဌာနမှူးများက လုပ်ငန်းကဏ္ဍအလိုက်ဆောင်ရွက်နေမှု၊ ဆက်လက်ဆောင်ရွက်ရမည့် ရှေ့လုပ်ငန်းစဉ် အခြေအနေများကို တင်ပြဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

နေပြည်တော် စိန်တစ်လုံးသရက်ဇုန် ရာသီချိန်မီ စိုက်ပျိုးရန် နှိုးဆော်

နေပြည်တော်-မန္တလေး အမြန်လမ်းမကြီး လမ်းဘေးဝဲယာ တစ်လျှောက်၌ စိန်တစ်လုံးသရက်စိုက်ပျိုးရေး သီးသန့်ဇုန်ခြံများဖော်ထုတ်ပြီး မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲမှုဗဟိုအဖွဲ့၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်လျက်ရှိရာ ချထားပေးသော မြေကို လေးနှစ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်၍ ပထမနှစ်တွင် ၃၀ ရာခိုင်နှုန်း၊ ဒုတိယနှစ်တွင် ၃၅ ရာခိုင်နှုန်း၊ တတိယ နှစ်တွင် ၃၅ ရာခိုင်နှုန်းစိုက်ပျိုးသွားရန်နှင့် နောက်ဆုံးနှစ်တွင် စိုက်ပျိုးမြေများအားလုံး ဖြစ်ထွန်းအောင်မြင်အောင် ဆောင်ရွက်သွားရမည် ဖြစ်ပါသည်။

ပထမနှစ်တွင် အကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်သော ၃၀ ရာခိုင်နှုန်းကို ယနေ့အထိ လုပ်ငန်းများ စတင်ဆောင်ရွက်သူများရှိသကဲ့သို့ လုံးဝ လုပ်ကိုင်ဆောင်ရွက်ခြင်း မရှိသေးသူများလည်း ရှိကြောင်း စိစစ်တွေ့ရှိရသဖြင့် စိန်တစ်လုံးသရက်စိုက်ပျိုးရန်အတွက် ယခုအချိန်တွင် မြေဖော် တောရှင်းလုပ်ငန်းများ ဆောင်ရွက်ကြရန်နှင့် ပျိုးပင်များကို အချိန်မီစုဆောင်းပြီး ရာသီအမီ အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်သွားကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

အကယ်၍ ရာသီအချိန်မီ စိုက်ပျိုးခြင်းမပြုသော သရက်ဇုန် ခြံမြေကွက်များကို နေပြည်တော် စိန်တစ်လုံးသရက်စိုက်ပျိုးရေးဇုန် ကြီးကြပ်မှုကော်မတီက ကွင်းဆင်းစစ်ဆေးပြီး စိန်တစ်လုံးသရက် စိုက်ပျိုးရန် ချထားပေးသော အမည်စာရင်းမှ ပယ်ဖျက်၍ အခြားအမှန်တကယ် စိုက်ပျိုးလုပ်ကိုင်လိုသူများကို မြေနေရာပြန်လည်ချထားသွားမည်ဖြစ်ကြောင်း ထပ်လောင်း အသိပေးအပ်ပါသည်။

နေပြည်တော် စိန်တစ်လုံးသရက်စိုက်ပျိုးရေးဇုန် ကြီးကြပ်မှုကော်မတီ။

အထက(၁) စမ်းချောင်း မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၂၉

၁၉၈၁ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ ပညာသင်ကြားခဲ့သော ကျောင်းသား ကျောင်းသူဟောင်းများမှ မြတ်ဆရာပူဇော်ပွဲကို မေ ၁ ရက် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အဆိုပါ ကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကန်တော့ခံ ဆရာ ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြရန်နှင့် အလှူငွေနှင့် ပစ္စည်းများ လှူဒါန်းလိုပါက သီဟ ဖုန်း-၀၉-၅၀၉၃၂၂၈၊ စိုးမိုးငြိမ်း ဖုန်း-၀၉-၅၁၁၃၂၃၄၊ ထွန်းထွန်းနိုင် ဖုန်း-၀၉-၅၁၂၄၅၉၉၊ အောင်မြင့်ဟန် ဖုန်း-၀၉-၅၁၃၈၅၅၁၊ အောင်စိုးမိုး ဖုန်း-၀၉-၅၁၁၉၅၉၂၊ သက်ဇင်လတ် ဖုန်း-၀၉-၅၁၆၂၇၂၃ နှင့် ဟိန်းဇော်မြတ် ဖုန်း-၀၉-၅၁၇၁၅၅၁ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း ကျင်းပရေးကော်မတီမှ နှိုးဆော်ထားသည်။ **(၁၃၅)**

မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း၏ နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကျင်းပမည်

ရန်ကုန် ဧပြီ ၂၉

မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း၏ သတ္တမအကြိမ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို မေ ၈ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် အမှတ်(၂၉) မင်းရဲကျော်စွာလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ ယင်းအစည်းအဝေးသို့ အသင်းဝင်များအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြရန် အလုပ်အမှုဆောင်အဖွဲ့က ဖိတ်ကြားထားကြောင်းနှင့် စာရင်းစစ်ပညာရပ်ဆိုင်ရာ ဟောပြောပွဲပါရှိမည်ဖြစ်ရာ တက်ရောက်သူ အသင်းဝင်များအတွက် CPE နာရီ ရရှိမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လမ်းအမည်များ၊ လမ်းညွှန်ဆိုင်းဘုတ်များရေးဆွဲ

ရန်ကုန် ဧပြီ ၂၉

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာနယ်နိမိတ်အတွင်းရှိ ပျက်စီးနေသော လမ်းအမည်များ၊ ဆေးသားများပျက်နေသော လမ်းညွှန်ဆိုင်းဘုတ်များကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)က အသစ်ပြန်လည်ရေးဆွဲစိုက်ထူသွားမည်ဖြစ်သည်။

စတင်စိုက်ထူ

ယခုအခါ လမ်းသွားလမ်းလာပြည်သူများ၊ ကမ္ဘာလှည့်ခရီးသည်များ၊ ယာဉ်မောင်းများ၊ လမ်းအမည်များ၊ လမ်းညွှန်ဆိုင်းဘုတ်များကို မြင်သာထင်သာရှိစေရန် (၈×၄)ပေအရွယ်အစားရှိ လမ်းညွှန်ဆိုင်းဘုတ်များကို ယနေ့မှစ၍ ဝေဇယန္တာလမ်းမကြီးနှင့် လေးထောင့်ကန်လမ်းဆုံတွင် စတင်စိုက်ထူနေပြီဖြစ်ကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား) တာဝန်ရှိသူတစ်ဦးထံမှ သိရှိရသည်။ **(သတင်းစဉ်)**

နိုင်ငံတကာသတင်းများ

နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ

ရွှေဈေး စံချိန်တင်ပြန်လည်မြင့်တက် ဒေါ်လာ အနိမ့်ဆုံးကျဆင်း

ချီကာဂို ဧပြီ ၂၉

ကမ္ဘာ့ရွှေဈေးနှုန်းသည် ဧပြီ ၂၉ ရက်က စံချိန်တင် ပြန်လည်မြင့်တက်ခဲ့ရာ နယူးယောက်ရွှေဈေးကွက်၌ တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၅၃၃ ဒသမ ၇၅ ဒေါ်လာအထိ ရှိသည်။

ပြီးခဲ့သည့်နှစ် ဇွန်လက ဝယ်ယူခဲ့သော ရွှေစာချုပ်အများစုသည် တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၄ ဒသမ ၁ ဒေါ်လာအထိ အမြတ်တိုးလာသည်။ သို့သော် အမေရိကန်ဒေါ်လာဈေးမှာ အခြားငွေကြေးခြောက်မျိုးနှင့် နှိုင်းယှဉ်ရာတွင် နှစ်နှစ်ကျော်အတွင်း အနိမ့်ဆုံးသို့ ကျဆင်းသွားခဲ့ကြောင်း ဒေါ်လာအညွှန်းကိန်းဇယား၌ ဖော်ပြသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ဆွစ်ဇာလန်မှ နေစွမ်းအင်သုံးလေယာဉ် ဘယ်လ်ဂျီယံနှင့် ပြင်သစ်နိုင်ငံများသို့ မောင်းနှင်ပျံသန်းမည်

ဂျီနီဗာ ဧပြီ ၂၉

ဆွစ်ဇာလန်နိုင်ငံမှ တီထွင်ထုတ်လုပ်သူများက ၎င်းတို့ထုတ်လုပ်ထားသည့် နေစွမ်းအင်သုံးလေယာဉ်ကို ပထမဆုံးအကြိမ်အဖြစ် နိုင်ငံတကာသို့ လာမည့်လတွင် ပျံသန်းရန်စီစဉ်နေကြောင်း ၎င်းတို့က ဧပြီ ၂၉ ရက်၌ ပြောကြားသည်။ **(ဓါတ်ပုံ)**

မောင်းနှင်

ယင်းနေစွမ်းအင်သုံးလေယာဉ်ကို ဆွစ်ဇာလန်နိုင်ငံမှ ဘယ်လ်ဂျီယံနိုင်ငံနှင့် ပြင်သစ်နိုင်ငံများသို့ မောင်းနှင်ပျံသန်းမည်ဖြစ်သည်။ ထိုသို့ပျံသန်းခြင်းဖြင့် နိုင်ငံတကာလေကြောင်းပျံသန်းမှုကွန်ရက်အတွင်း နေစွမ်းအင်သုံး လေယာဉ်ပျံသန်းဝင်ရောက်နေရာယူနိုင်မှုအနေအထားကို သိရှိနိုင်မည်ဖြစ်သည်။

ပြောကြား

ဆွစ်ဇာလန်နိုင်ငံအာဏာပိုင်များ၏ ခွင့်ပြုမှုရရှိပြီးနောက် ပထမဆုံးအကြိမ်အဖြစ် နယ်စပ်ဖြတ်ကျော်ပျံသန်းမှုမှာ အောင်မြင်မှုရရှိလိမ့်မည်ဟု အဆိုပါနေစွမ်းအင်သုံးလေယာဉ်ကို မောင်းနှင်ပျံသန်းမည့် လေယာဉ်မှူး အင်ဒရီဘော့ဘတ်က ပြောကြားသည်။

ပျံသန်း

၎င်းနေစွမ်းအင်သုံးလေယာဉ်ကို ဆွစ်ဇာလန်နိုင်ငံမှ ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့သို့ လာမည့်မေ ၂ ရက်တွင် ရာသီဥတုအခြေအနေကောင်းမွန်ပါက မောင်းနှင်ပျံသန်းမည်ဖြစ်သည်။ **(အင်တာနက်)**

ရေငုပ်သင်္ဘောဖြင့် မူးယစ်ဆေးဝါးမှောင်ခိုသူအား အာဂျင်တီးနားအာဏာပိုင်များ ဖမ်းဆီး

ဗျူနိုအေရိစ် ဧပြီ ၂၉

အမေရိကန်နိုင်ငံသို့ မူးယစ်ဆေးဝါးများ ရေငုပ်သင်္ဘောများဖြင့် မှောင်ခိုတင်သွင်းရာတွင် နောက်ကွယ်က ကြိုးကိုင်သူတစ်ဦးကို ဖမ်းဆီးထားသည်ဟု အာဂျင်တီးနား အာဏာပိုင်များက ဧပြီ ၂၇ ရက်တွင် သတင်းထုတ်ပြန်သည်။ **(အောက်ပုံ)**

ဖမ်းဆီးထားသူ အဲလ်ဗာရီမေယန်ဒေါဖ်သည် ကိုလံဘီယာရှိ မူးယစ်ဆေးဝါးကုန်သည်များ မူးယစ်ဆေးရောင်းချသည့် လုပ်ငန်းများတွင် ရေငုပ်သင်္ဘောများဖြင့် မှောင်ခိုကုန်ကူးပေးနေသူတစ်ဦးဟု သံသယရှိထားသူဖြစ်သည်။ ၎င်းကမူ သူ့အပေါ်စွဲဆိုထားချက်ကို ငြင်းဆန်လျက်ရှိသည်။

များပြားလာ

မူးယစ်ဆေးဝါးကုန်ကူးသူများသည် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ကင်းလှည့်ရေယာဉ်များဘေးရန်ကို ရှောင်နိုင်ရန်အတွက် ရေငုပ်သင်္ဘောများကို အသုံးပြုနေကြသည်မှာ ပို၍များပြားလာသည်။

လုံခြုံရေးဌာန လက်ထောက်ဝန်ကြီးက မစ္စတာအဲလ်ဗာရီကို အမေရိကန် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးဌာန၏အကူအညီဖြင့် ဧပြီ ၂၄ ရက်တွင် ဖမ်းဆီးမိခြင်းဖြစ်ပြီး အများပြည်သူအား ဧပြီ ၂၇ ရက်မှ သတင်းထုတ်ပြန်ပေးခဲ့ခြင်းဖြစ်ကြောင်း ပြောကြားသည်။

၎င်းမှာ ကိုလံဘီယာမှလေယာဉ်ဖြင့် အာဂျင်တီးနား ဗျူနိုအေရိစ်မြို့သို့ ရောက်လာစဉ် ရဲများကဖမ်းဆီးခဲ့ခြင်းဖြစ်သည်။

(အင်တာနက်)

တရုတ်ကမ်းလွန်၌ ငါးဖမ်းစက်လှေနစ်မြုပ် သုံးဦးသေဆုံး၊ လေးဦးပျောက်ဆုံးနေ

ဖူကျိ ဧပြီ ၂၉

တရုတ်နိုင်ငံ ဖူကျန်ပြည်နယ်အရှေ့တောင်ပိုင်းကမ်းလွန်တွင် ငါးဖမ်းစက်လှေတစ်စင်း ဧပြီ ၂၈ရက်က နစ်မြုပ်ခဲ့ရာ သုံးဦးသေဆုံးပြီး လေးဦးပျောက်ဆုံးလျက်ရှိကြောင်း တရုတ်ကယ်ဆယ်ရေးအဖွဲ့များက ဧပြီ ၂၉ရက်၌ ပြောကြားသည်။

၎င်းငါးဖမ်းသင်္ဘောတွင် ငါးဖမ်းလုပ်သား ၁၄ဦးပါရှိပြီး ခုနစ်ဦးအား ကယ်ဆယ်နိုင်ခဲ့သည်။ ပျောက်ဆုံးနေသော ငါးဖမ်းလုပ်သားလေးဦးအား ကယ်ဆယ်ရေးအဖွဲ့များက ရေယာဉ်များ၊ ရဟတ်ယာဉ်များဖြင့် ရှာဖွေလျက်ရှိသည်။ *(အင်တာနက်)*

မြန်မာ့အလင်း နောက်ဆုံးရ နိုင်ငံတကာသတင်း

☆ မိုးမြင့်လင်းလက် – စုစည်းသည် ☆

မိုဇမ်ဘစ်၌ မိကျောင်းများတိုက်ခိုက်မှုကြောင့် လူ ၂၀ သေဆုံး

မာပူတို ဧပြီ ၂၉

မိုဇမ်ဘစ်နိုင်ငံ ဆိုဖာလာပြည်နယ်အလယ်ပိုင်းတွင် မိကျောင်းများတိုက်ခိုက်မှုကြောင့် သီတင်းသုံးပတ်အတွင်း လူ ၂၀ ကျော်သေဆုံးခဲ့ရကြောင်း မိုဇမ်ဘစ်အသံလွှင့်ဌာနက ဧပြီ ၂၈ ရက်၌ သတင်းထုတ်ပြန်သည်။

အများဆုံး

ဆိုဖာလာပြည်နယ် ဇမ်ဘီဇီမြစ်အတွင်းမှမိကျောင်းများ၏ အန္တရာယ်ပြုမှုကြောင့် သောက်သုံးရေခပ်ယူကြသူများ သေဆုံးခဲ့ရခြင်းဖြစ်သည်။ လူသေဆုံးမှုအများဆုံး ဖြစ်ပွားသည့်နေရာမှာ မာရိုမြူခရိုင်အတွင်း ဇမ်ဘီဇီမြစ်အစပ်ပိုင်း၌ ဖြစ်သည်။

ဖြည့်ဆည်းပေး

ထို့ကြောင့် မိကျောင်းများအန္တရာယ်ပြုခြင်းမှကာကွယ်ရန် ဒေသအာဏာပိုင်များက ရေတွင်းအသစ်များတူးဖော်ကာ ဒေသခံပြည်သူများအတွက် သန့်ရှင်းသော သောက်သုံးရေလိုအပ်ချက်ကို ဖြည့်ဆည်းပေးမည်ဖြစ်သည်။

သေဆုံးခဲ့

မိုဇမ်ဘစ်နိုင်ငံ ဂါဇာပြည်နယ်တောင်ပိုင်းနှင့် တီတီပြည်နယ်အနောက်ပိုင်းတို့တွင်လည်း မိကျောင်းများအန္တရာယ်ပြုမှုကြောင့် **(အပေါ်ပုံ)** ဒေသခံဒါဇင်များစွာသေဆုံးခဲ့ရသည်။ သေဆုံးသူအများစုမှာ အမျိုးသမီးများနှင့် ကလေးငယ်များဖြစ်ကြောင်း သတင်း၌ဖော်ပြသည်။ **(အင်တာနက်)**

ဘင်္ဂလားဒေ့ရှ်၌ ရေကျောက်ရောဂါဖြစ်ပွား

ဒါကာ ဧပြီ ၂၉

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့တော်၏အရှေ့တောင်ဘက် ၃၁၆ ကီလိုမီတာခန့်ကွာဝေးသည့် ဘန်ဒါဘန်ခရိုင်တွင် ပြီးခဲ့သည့် သီတင်းပတ်အတွင်း ရေကျောက်ရောဂါကြောင့် ၁၇ ဦးခန့် သေဆုံးသွားကြောင်း ဘင်္ဂလားဒေ့ရှ်အရာရှိများက ဧပြီ ၂၉ ရက်၌ ပြောကြားသည်။

ဆေးကုသ

သေဆုံးသူများမှာ အသက်တစ်နှစ်မှ ၁၈ နှစ်အတွင်း အရွယ်များဖြစ်ပြီး ဧပြီ ၁၈ ရက်မှ ၂၆ ရက်အတွင်း ရေကျောက်ရောဂါကြောင့် သေဆုံးခဲ့ကြခြင်းဖြစ်သည်။ ရေကျောက်ရောဂါဖြစ်ပွားသူ ၂၂ ဦးခန့်ရှိသေးရာ ဆေးကုသမှုခံယူလျက်ရှိသည်။

နွေရာသီကာလများတွင် အပူချိန်မြင့်တက်ခြင်းကြောင့် ရေကျောက်ရောဂါဖြစ်ပွားခဲ့ခြင်းဖြစ်ရာ ဘန်ဒါဘန်ခရိုင်အာဏာပိုင်များက ရောဂါဖြစ်ပွားရာနေရာသို့ ဆေးကုသရေးအဖွဲ့များစေလွှတ်ကာ ကာကွယ်ရေးနှင့် ကုသရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ **(အင်တာနက်)**

နျူကလီးယားထိပ်ဖူးတပ်ဒုံးကျည် ပါကစ္စတန် စမ်းသပ်ပစ်လွှတ်

အစ္စလမ္မာဘတ် ဧပြီ ၂၉

ပါကစ္စတန်နိုင်ငံက နျူကလီးယားထိပ်ဖူးတပ်ဒုံးကျည်တစ်စင်းကို ဧပြီ ၂၉ရက်က အောင်မြင်စွာ စမ်းသပ်ပစ်လွှတ်နိုင်ခဲ့ကြောင်း ပါကစ္စတန်စစ်ဘက်က ပြောကြားသည်။ **(ယာပုံ)**

ပစ်ခတ်ခဲ့

၎င်းဒုံးကျည်သည် ကီလိုမီတာ ၃၅၀ အကွာအဝေးအထိပစ်ခတ်နိုင်ပြီး နိုင်ငံတကာမူဘောင်အတွင်းမှ စမ်းသပ်ပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း ပါကစ္စတန်အရာရှိများက ဆက်လက်ပြောကြားသည်။

နျူကလီးယားနည်းပညာများ တိုးတက်မှုသည် ကမ္ဘာ့ပေါ်တွင် နိုင်ငံအနည်းငယ်သာရှိရာ ယခုဒုံးကျည်စမ်းသပ်ပစ်လွှတ်မှုအောင်မြင်ခြင်းကို ပါကစ္စတန်ထိပ်တန်းခေါင်းဆောင်များက ချီးကျူးခဲ့ကြသည်။ **(အင်တာနက်)**



ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးအား တရုတ်နိုင်ငံ ယဉ်ကျေးမှုသံမှူး လာရောက်တွေ့ဆုံ

နေပြည်တော် ဧပြီ ၂၉

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်းအား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ ယဉ်ကျေးမှုသံမှူး Mr.Gao Hua သည် ယနေ့နံနက် ၁၀ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံစဉ် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ မြန်မာ့ရုပ်ရှင်လုပ်ငန်းတို့နှင့် လက်ရှိ ပူးပေါင်းဆောင်ရွက်နေမှုများကို အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်သွားရေး၊ နှစ်နိုင်ငံပြန်ကြားရေးဆိုင်ရာ ကိစ္စရပ်များကိုလည်း ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားရေးနှင့် နှစ်နိုင်ငံရေးထိုးထားသော နားလည်မှုစာချွန်လွှာများကို နှစ်အလိုက် တိုးမြှင့်အကောင်အထည်ဖော်ဆောင်ရွက်သွားရေး ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်းအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ ယဉ်ကျေးမှုသံမှူး Mr.Gao Hua လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

✻ ကျောဖုံးမှ

ဘောလုံးကွင်းသစ်ကြီးများကို တည်ဆောက်လျက်ရှိသည်။ နေပြည်တော်ခရိုင် ဇေယျာသီရိမြို့နယ်တွင် နိုင်ငံတကာအဆင့်မီ ဇေယျာသီရိ အဆင့်မြင့် ဘောလုံးကွင်းသစ်ကြီးကို Max Myanmar Group of Companies မှ လူအင်အား၊ စက်ယန္တရားအင်အားများစွာဖြင့် နေ့မအား၊ ညမနား တည်ဆောက်နေခြင်း ဖြစ်သည်။

မြန်မာ့အားကစား ကဏ္ဍအတွက် အားရဖွယ်ကောင်းသည့် ဇေယျာသီရိအဆင့်မြင့် အားကစားကွင်း တည်ဆောက်နေမှု အခြေအနေကို သိရှိနိုင်ရန် တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ဧပြီ ၂၅ ရက်က သွားရောက်လေ့လာဖြစ်ခဲ့သည်။ ဘောလုံးကွင်းတည်ဆောက်ရေး လုပ်ငန်းခွင်၌ ကြီးကြပ်လုပ်ကိုင်နေသော စီမံကိန်းဒါရိုက်တာဦးငွေးအောင်က မအားလပ်သည့်ကြားမှ သတင်းအဖွဲ့ သိလိုသမျှမေးမြန်းမှုကို စိတ်ရှည်စွာ ပြန်လည်ဖြေကြားပေးခဲ့သည်။

"နေပြည်တော်ခရိုင် ဇမ္ဗူသီရိမြို့နယ်နဲ့ ဇေယျာသီရိမြို့နယ်တွေမှာ နိုင်ငံတကာအဆင့်မီ ဘောလုံးကွင်းနှစ်ကွင်းကို ကျွန်တော်တို့ Max Myanmar Companies က တာဝန်ယူ တည်ဆောက်နေပါတယ်။ မန္တလေးမြို့မှာလည်း ကျွန်တော်တို့ကုမ္ပဏီက နိုင်ငံတကာအဆင့်မီ ဘောလုံးကွင်းတစ်ကွင်း တည်ဆောက်နေပါတယ်။ ဇေယျာသီရိ အဆင့်မြင့်ဘောလုံးကွင်းကို ၂၀၁၀ခုနှစ် ဇန်နဝါရီ ၁၃ရက်မှ စတင်တည်ဆောက်ခဲ့ပြီး နိုင်ငံတကာ ဘောလုံးပွဲများ ကျင်းပနိုင်ရေး၊ အားကစားသမားကောင်းများ ပေါ်ထွန်းလာရေးနှင့် ဆီးဂိမ်းပြိုင်ပွဲများ ကျင်းပနိုင်ရေးအတွက် ရည်ရွယ်တည်ဆောက်ခဲ့တာဖြစ်ပါတယ်။ ဒီဘောလုံးကွင်းများကို ၂၀၁၃ ဆီးဂိမ်းအမီ ဖွင့်လှစ်နိုင်ရေး အင်တိုက်အားတိုက် ကြိုးစားနေပါတယ်" ဟု ရှင်းပြသည်။

ဇေယျာသီရိ အဆင့်မြင့်ဘောလုံးကွင်း တည်ဆောက်နေမှုကို စီမံကိန်းဒါရိုက်တာ ဦးငွေးအောင် ရှင်းပြစဉ်။

ဝင်ဆံ့နိုင်

အားကစားကွင်း တည်ဆောက်ဖွဲ့စည်းပုံနှင့်ပတ်သက်၍လည်း "ဒီဘောလုံးကွင်းမှာ ပရိသတ် ၃၀၀၀၀ ဝင်ဆံ့နိုင်ပါတယ်။ မြေညီထပ်မှာ ပြခန်း၊ ရုံးခန်း၊ အစည်းအဝေးခန်း၊ ဆေးပေးခန်း၊ စားသောက်ဆိုင်၊ စာကြည့်တိုက်၊နားနေခန်း၊ မီဒီယာခန်း အစရှိတဲ့ အခန်းအစုံအလင် ၅၆ ခန်း၊ ပထမထပ်မှာ ရုံးခန်း၊ အစည်းအဝေးခန်း၊ သင်ကြားရေးခန်း၊ ရေချိုးခန်း စသည်ဖြင့် ၂၈ခန်းနှင့် ဒုတိယထပ်မှာ CCTV Room၊ Control Room၊ Coffee & Snack၊ VIP Room စသည်ဖြင့် ၁၂ခန်း စုစုပေါင်း ၉၆ခန်းဖြင့် ဖွဲ့စည်းထားပါတယ်။

ဒါ့အပြင် ဘောလုံးကွင်းနဲ့ ပွဲကြည့်စင် အကျယ်အဝန်း ၃၂ ဧက၊ ကားရပ်နားကွင်း၊ လေ့ကျင့်ရေးကွင်းနဲ့ အားကစားရုံ အပါအဝင် ဧရိယာ စုစုပေါင်း ၃၈၄ဧက ကျယ်ဝန်းပါတယ်"ဟု ပြည့်စုံစွာရှင်းလင်းဖြေကြားခဲ့သည်။

ထိုသို့ စနစ်တကျ ဖွဲ့စည်းတည်ဆောက်ထားသည့်အတွက် နိုင်ငံတကာမှလာရောက်ကစားမည့် ဘောလုံးအားကစားသမားများနှင့် ပြည်တွင်းအားကစားသမားများအတွက် အဆင့်မြင့်မြင့် သက်သောင့်သက်သာ နေထိုင်နိုင်ကြမည်ဖြစ်သည်။

စာရေးသူသည် ဇေယျာသီရိ အဆင့်မြင့်ဘောလုံးကွင်းကြီး တည်ဆောက်နေမှုကို ဝင်ရောက်လေ့လာရာ တည်ဆောက်ရေး အင်ဂျင်နီယာများနှင့် အလုပ်သမားများက ၂၀၁၃ ဆီးဂိမ်းအမီဖွင့်လှစ်နိုင်ရေး တက်တက်ကြွကြွ ကြိုးစားတည်ဆောက်နေသည်ကိုတွေ့ရသည်။ မြေသယ်ကားများ၊ မြေတူးကော်စက်များဖြင့် မြေများ သယ်ယူနေသည်ကိုလည်း မြင်တွေ့ခဲ့ရသည်။

ယခုအခါ အချိန်တိုအတွင်းမှာပင် ရုပ်လုံးကြွ ပေါ်လွင်နေပြီဖြစ်သော အဆင့်မြင့်အားကစားကွင်း တည်ဆောက်နေမှုမြင်ကွင်းများမှာ အံ့မခန်းရှိလှသည်။ နိုင်ငံတကာအဆင့်မီ အားကစားကွင်းဖြစ်သည့်အတွက် နိုင်ငံအတွက် ဂုဏ်ယူစရာဖြစ်သည်။

ကြည်နူးပီတိဖြစ်

အမိနိုင်ငံတော်ကြီး၏ ခေတ်မီဖွံ့ဖြိုးတိုးတက်မှုများတွင် အပါအဝင်ဖြစ်သည့် ဤအားကစားကွင်းကြီး ပြီးစီးပြီးနောက် ၂၀၁၃ ဆီးဂိမ်း ဘောလုံးပွဲကြီးကျင်းပမည့် ကာလကို စာရေးသူမျှော်တွေးကာ ဘောလုံးဝါသနာရှင် မိတ်ပြည်သူများနှင့်အတူ ကြည်နူးပီတိဖြစ်လျက် ရှိနေပါတော့သည်။ ။

(မြန်မာ့အလင်း)

မိုးကုတ်မြို့နယ် ကျောင်းသား ကျောင်းသူဟောင်းများ အာစရိယပူဇော်ပွဲ ကျင်းပမည်

မိုးကုတ် ဧပြီ ၂၉

မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့နယ် ကျောင်းသား ကျောင်းသူဟောင်းများ၏ တတိယအကြိမ် အာစရိယပူဇော်ပွဲကို မိုးကုတ်မြို့ မဏိရတနာခန်းမကြီးတွင် မေ ၂၁ ရက် (စနေနေ့) နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်ရာ အဆိုပါ အာစရိယပူဇော်ပွဲတွင် မိုးကုတ်မြို့နယ်အတွင်းရှိ ကျောင်းအသီးသီးတွင် တာဝန်ထမ်းဆောင်ခဲ့ကြသော အသက်(၆၀)ပြည့် အငြိမ်းစားဆရာ ဆရာမကြီးများအား ပူဇော်ကန်တော့ကြမည်ဖြစ်သည်။ ဒုတိယအကြိမ် ကန်တော့ခံပြီးသော ရပ်ဝေးရပ်နီးမှ ဆရာ ဆရာမကြီးများ ဖိတ်စာရသည်ဖြစ်စေ၊မရသည်ဖြစ်စေ ကန်တော့ခံတက်ရောက်ကြပါရန်နှင့် အလှူငွေများ လှူဒါန်းလိုပါက ရန်ကုန်မြို့တွင် ဦးသိန်းအောင် ဖုန်း-၀၁-၅၅၅၆၉၃၊ ဦးခင်မောင်ကြည် ဖုန်း-၀၉-၄၉၂၂၃၄၈၇၊ ဦးသန်းဝင်း ဖုန်း-၀၉-၉၀၃၁၃၈၁၊ မန္တလေးမြို့တွင် ဒေါက်တာလွင်လွင်သန်း ဖုန်း-၀၉-၆၅၀၁၁၂၄၊ ဒေါ်ခင်ပြုံးကြည် ဖုန်း-၀၉-၆၈၀၂၄၉၇၊ ဦးမြင့်လွင် ဖုန်း-၀၉-၉၁၀၀၅၈၄၈၊မိုးကုတ်မြို့တွင် ဒေါ်ခင်မာအေး ဖုန်း-၀၈၆-၂၀၀၇၃၊ ဦးမောင်မောင် ဖုန်း-၀၈၆-၂၀၄၆၆၊ ဦးတင်ညွှန့် ဖုန်း-၀၈၆-၂၀၆၃၂၊ ဦးဝင်းမင်း ဖုန်း-၀၈၆-၂၀၀၈၂နှင့် ဦးချိုဦး ဖုန်း-၀၉-၁၁၃၉၄၊ ဦးထွန်းဦး ဖုန်း-၀၈၆-၂၁၁၄၀တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

ဟိုပင်၌ သက်ကြီးပူဇော်ပွဲကျင်းပ

ဟိုပင် ဧပြီ ၂၉

ကချင်ပြည်နယ် မိုးညှင်းခရိုင် ဟိုပင်မြို့နယ်တွင် (၂၄)ကြိမ်မြောက် မြို့လုံးကျွတ် သက်ကြီးပူဇော်ပွဲကို ဧပြီ ၁ရက် နံနက် ၇နာရီက အထက တော၈ခန်းမ၌ ကျင်းပရာ အဆိုပါအခမ်းအနားတွင် ဟိုပင်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခိုင်မင်းကိုနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကွက် အုပ်ချုပ်ရေးမှူးများနှင့် မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့သူ မြို့သားများက အပူဇော်ခံ အသက်(၈၀)ပြည့်ပြီးသော အဘိုးအဘွား ၁၈၂ဦးတို့အား အလှူငွေနှင့် ပစ္စည်းများဖြင့် ပူဇော်ကန်တော့ခဲ့ကြကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

နိုင်ငံတကာသတင်းပဒေသာ အတိုအထွာ

သမုဒ္ဒရာလေ့လာရေးဌာန တရုတ်နှင့်အင်ဒိုနီးရှားတို့ ပူးတွဲထူထောင်မည်

အာကာဟိန်း စုစည်းသည်

ပေကျင်း ဧပြီ ၂၉

အင်ဒိုနီးရှားနိုင်ငံ အနောက်ဆူမတြားပြည်နယ် မြို့တော် ပါဒန်တွင် သမုဒ္ဒရာလေ့လာရေးဆိုင်ရာဌာနတစ်ခုကို တရုတ်နှင့် အင်ဒိုနီးရှားနိုင်ငံတို့က ပူးတွဲထူထောင်သွားမည်ဖြစ်ကြောင်း တရုတ်နိုင်ငံ သမုဒ္ဒရာဆိုင်ရာ စီမံရေးအဖွဲ့က ဧပြီ ၂၈ ရက်၌ ပြောကြားသည်။

အထောက်အကူပြု

တရုတ်နိုင်ငံသည် ပြင်ပနိုင်ငံတစ်နိုင်ငံနှင့်အတူ သမုဒ္ဒရာဆိုင်ရာ လေ့လာရေးဌာနတစ်ခု ပူးတွဲထူထောင်ခြင်းသည် ပထမဆုံးအကြိမ်ဖြစ်သည်။ အင်ဒိုနီးရှားနိုင်ငံ ပါဒန်မြို့၏ ဘန်ဂတ်စ်ဆိပ်ကမ်း၌ တည်ဆောက်မည့် ယင်းဌာနသည် နှစ်နိုင်ငံမှ သိပ္ပံပညာရှင်များအတွက် ရာသီဥတု ပြောင်းလဲဖြစ်ပေါ်မှုနှင့် သမုဒ္ဒရာအခြေအနေများ ထူးခြားမှုတို့အပေါ် လေ့လာသုတေသနပြုရာတွင် အထောက်အကူပြုပေးနိုင်မည် ဖြစ်သည်။

ထို့အပြင် ပင်လယ်သမုဒ္ဒရာအတွင်းရှိ ငါးမျိုးစိတ်များကို အကျိုးရှိစွာအသုံးပြုရေးနှင့် သမုဒ္ဒရာဆိုင်ရာ သဘာဝပတ်ဝန်းကျင်များကို ကာကွယ်ထိန်းသိမ်းနိုင်ရေးအပြင် ပင်လယ်ပြင်ဘေးအန္တရာယ်များ လျော့နည်းကျဆင်းရေးနှင့် ကာကွယ်ရေးတို့ကိုလည်း ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ကြမည် ဖြစ်သည်။ (အင်တာနက်)

လိုက်ဘေးရီးယားကုန်တင်သင်္ဘော ဆိုမာလီပင်လယ်ဓားပြများ ပြန်လွှတ်ပေး

နိုင်ရိုဘီ ဧပြီ ၂၉

ပနားမားအလံလွှင့်ထူထားသည့် လိုက်ဘေးရီးယားကုန်တင်သင်္ဘော အမ်ဗွီကုန်တင်သင်္ဘောနှင့်ဖိလစ်ပိုင်သင်္ဘောသား၁၄ဦးတို့အား ၁၃၃ရက်ကြာ အပိုင်စီးထားခဲ့ပြီးနောက် ဧပြီ ၂၃ ရက်က ပြန်လွှတ်ပေးလိုက်ပြီဖြစ်ကြောင်း ဥရောပပင်လယ်ဓားပြတိုက်ဖျက်ရေးအဖွဲ့က ဧပြီ ၂၉ရက်၌ပြောကြားသည်။

၄င်းကုန်တင်သင်္ဘောနှင့် သင်္ဘောသားများအား အိန္ဒိယနိုင်ငံကမ်းလွန်ရေမိုင် ၅၅၀ခန့်အကွာ ရေပြင်၌ ၂၀၁၀ခုနှစ် ဒီဇင်ဘာ ၁၁ရက်က ပင်လယ်ဓားပြများက အပိုင်စီးသွားခဲ့ခြင်းဖြစ်သည်။ ***(အောက်ပုံ)***

အဆိုပါသင်္ဘောမှာ လူးရစ်ဆိပ်ကမ်းမှ ဆော်ဒီအာရေဗျနိုင်ငံ ဖူဂျေရက်ဆိပ်ကမ်းသို့ ခုတ်မောင်းလာစဉ် ဆိုမာလီပင်လယ်ဓားပြများက အပိုင်စီးသွားခဲ့ခြင်း ဖြစ်သည်။ ***(အင်တာနက်)***

အေ-၃၂၀ နီရို လေယာဉ်အစင်း ၁၀၀ ပြင်သစ်လေကြောင်းလိုင်းဝယ်ယူမည်

ပါရီ ဧပြီ ၂၉

အပြည်ပြည်ဆိုင်ရာ လီရာဆီပြင်သစ်ကော်ပိုရေးရှင်းက လေကြောင်းလိုင်းများတွင် ပြေးဆွဲရန် ပြင်သစ်အခြေစိုက် အဲဘတ်စ်လေယာဉ်ထုတ်လုပ်ရေးကုမ္ပဏီမှ အေ-၃၂၀ နီရိုလေယာဉ် အစင်း ၁၀၀ ဝယ်ယူမည်ဖြစ်ကြောင်း ဧပြီ ၂၉ ရက်က အတည်ပြုပြောကြားသည်။

အေ-၃၂၀ နီရိုလေယာဉ်များသည် လောင်စာဆီကုန်ကျမှုကို ၁၅ ရာခိုင်နှုန်းသက်သာစေပြီး နှစ်စဉ်လေယာဉ်မှ ထွက်ရှိသော ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ ပမာဏကိုလည်း လျော့ကျစေနိုင်ကြောင်း အဲဘတ်စ်လေယာဉ်ထုတ်လုပ်ရေးကုမ္ပဏီက ပြောကြားသည်။ (အင်တာနက်)

ဧပြီ ၂၉ ရက် ကမ္ဘာ့ဈေးကွက်

စဉ်	ကုန်ပစ္စည်း	အရေအတွက်	ဈေးနှုန်း(အမေရိကန်ဒေါ်လာ)
၁။	ရေနံစိမ်း	တစ်စည်	၁၂၅ ဒသမ ၀၂
၂။	သဘာဝဓာတ်ငွေ့	တစ်ကုဗမီတာ	၄ ဒသမ ၅၇
၃။	ရွှေ	တစ်အောင်စ	၁၅၃၃ ဒသမ ၇၅
၄။	ငွေ	တစ်အောင်စ	၄၈ ဒသမ ၃၉
၅။	ကြေး	တစ်အောင်စ	၄ ဒသမ ၂၃
၆။	ပလက်တီနမ်	တစ်အောင်စ	၁၈၃၃ ဒသမ ၀၀

ဥပ္ပါတသန္တိစေတီတော် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဧပြီ ၂၉

ဥပ္ပါတသန္တိစေတီတော် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် အဆိုပါစေတီတော် ဂေါပကအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အမှာစကားပြောကြား

အစည်းအဝေးတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသိန်းညွန့်နှင့် သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်တို့က အမှာစကား ပြောကြားကြသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင် ဦးသန်းဌေး၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ဒုတိယရှေ့နေချုပ်နှင့် တာဝန်ရှိသူများက ကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးတို့က ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးကြသည်။

ရုပ်သိမ်း

ယင်းနောက် အစည်းအဝေးတက်ရောက်လာကြသူများက စေတီတော် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအတွက် ရေရရှိမှုနှင့် မာလိနီရေကန်အနီး သရက်ဥယျာဉ်တည်ဆောက်ရေးတို့အတွက် ဝိုင်းဝန်းဆွေးနွေးတင်ပြကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသိန်းညွန့် ဥပ္ပါတသန္တိစေတီတော် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အောင်မြင်သာစံပြကျေးရွာသို့ ပြောင်းရွှေ့ရောက်ရှိလာသော အိမ်ထောင်စုများအား အထောက်အပံ့ပစ္စည်းနှင့် သီးနှံနှစ်နာကြေးပေးအပ်ပွဲ မြစ်ကြီးနား၌ ကျင်းပ

နေပြည်တော် ဧပြီ ၂၉

တန်ဖဲကျေးရွာ၊ ကျိန်ခရန်ကျေးရွာ၊ မြစ်ဆုံကျေးရွာတို့မှ ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် အောင်မြင်သာစံပြကျေးရွာသို့ ပြောင်းရွှေ့ရောက်ရှိလာသော အိမ်ထောင်စုများအား ဆန်၊ ပုံပိုးငွေ၊ ထောက်ပံ့ပစ္စည်းများနှင့် သီးနှံနှစ်နာကြေးပေးအပ်ပွဲ အခမ်းအနားကို ဧပြီ ၂၈ ရက် နံနက် ၉ နာရီတွင် အောင်မြင်သာစံပြကျေးရွာရှိ တွဲဖက်အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်း မြစ်ကြီးနားမြို့နယ် အောင်မြင်သာစံပြကျေးရွာသို့ ပြောင်းရွှေ့ရောက်ရှိလာသော အိမ်ထောင်စုများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်။ (သတင်းစဉ်)

ပေးအပ်

အခမ်းအနားတွင် ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်းက အမှာစကားပြောကြားသည်။ ဆက်လက်၍ စီးပွားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညွန့်အောင်၊ ပညာရေး၊ လူမှုရေး၊ သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန ဝန်ကြီး ဒေါ်ဘောက်ဂျာ၊ ပြည်နယ်ရဲတပ်ဖွဲ့မှူးရဲမှူးကြီး မြင့်လွင်နှင့် CPI ကုမ္ပဏီမှ တာဝန်ရှိသူများက ပြောင်းရွှေ့လာသည့် အိမ်ထောင်စု ၄၁ စုတို့အား ထောက်ပံ့ငွေကျပ်တစ်သိန်းစီကို ပေးအပ်ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ပြောင်းရွှေ့လာသည့် တန်ဖဲကျေးရွာမှ အိမ်ထောင်စု ၄၁ စုနှင့် မလိယန်ကျေးရွာမှ အိမ်ထောင်စု ၈၅ စုတို့အတွက် ဆန်၊ ခြင်ထောင်နှင့် ရုပ်မြင်သံကြားပြစက်များ၊ တန်ဖဲကျေးရွာ တောင်သူများထဲမှ နှစ်ရှည်သီးပင်နှစ်နာကြေးပေးရန် ကျန်ရှိသူ တောင်သူ ငါးဦးတို့အား သီးနှံနှစ်နာကြေးငွေများကိုပေးအပ်ပြီး ဒေသခံများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက် အားပေးစကားပြောကြားကာ အောင်မြင်သာစံပြကျေးရွာအတွင်း မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ မြစ်ဆုံတမံရှိ ဧရာဝတီတံတား တည်ဆောက်ရေး လုပ်ငန်းခွင်ကို ရောက်ရှိပြီး စက်ယန္တရားကြီးများဖြင့် လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးရာ ဧရာဝတီတံတား တည်ဆောက်ရေး CPI ကုမ္ပဏီ ဒုတိယ တာဝန်ခံ မစ္စတာလီကန်းက ဧရာဝတီတံတား ဆောက်လုပ်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးချုပ်က တံတားရေရှည်ကြံ့ခိုင်ရေး၊ သတ်မှတ်ချိန် စီမံကိန်းကာလအတွင်း ပြီးစီးရေးနှင့် လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေး မှာကြားခဲ့သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်သည် မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်း လုပ်ငန်း အစည်းအဝေးခန်းမ၌ တာဝန်ရှိသူများအား တွေ့ဆုံ၍ ပြည်နယ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လုပ်ငန်းများ အားသွန်ခွန်စိုက် ကြိုးပမ်း ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အောက်ပိုင်းဒေသများ မိုးဆက်လက်ရွာနိုင်

နေပြည်တော် ဧပြီ ၂၉

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက မွန်ပြည်နယ်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား၊ မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်းတွင် ဒေသအလိုက်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ နေ့အပူချိန်များမှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၇ ဒီဂရီစင်တီဂရိတ်မှ ၈ ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

မေ ၁ ရက် ညနေအထိခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံ အောက်ပိုင်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ဧပြီလ နောက်ဆုံးသီတင်းပတ်ကုန်ရက်များအတွက် မိုးလေဝသခန့်မှန်းချက်မှာ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာမည်။

နွေရာသီဖိတ်ခေါ် ဘတ်စကက်ဘောပြိုင်ပွဲဆက်

ရန်ကုန် ဧပြီ ၂၉

မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ၂၀၁၁ ခုနှစ် နွေရာသီဖိတ်ခေါ် (၁၈)နှစ်အောက် အမျိုးသား အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲ၏ အုပ်စုအလိုက် ပတ်လည်ပြိုင်ပွဲများကို ယနေ့ နံနက် ၈ နာရီတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံ အားကစားပြိုင်ပွဲရုံ၌ ဆက်လက်ကျင်းပသည်။

အမျိုးသမီးပြိုင်ပွဲတွင် (ခ)အုပ်စုမှ ရှမ်းပြည်နယ်(တောင်ပိုင်း)အသင်းက ဆိပ်ဖူးတောင်(ခ)အသင်းကို ၄၆ မှတ် -၂၄ မှတ်ဖြင့်နိုင်ပြီး (က)အုပ်စုမှ မိုးကုတ်အသင်းက CUPID GIRLS အသင်းကို ၄၀ မှတ် -၁၂ မှတ်ဖြင့် အနိုင်ရရှိသွားသည်။

အမျိုးသားပြိုင်ပွဲတွင် (က)အုပ်စုမှ COBRA အသင်းက KINGS အသင်းကို ၂၄ မှတ် -၁၇ မှတ်၊ သံလွင်အသင်းက ကန္တာရဝတီ (ကယား) အသင်းကို ၇၆ မှတ် -၄၅ မှတ်၊ (ခ)အုပ်စုမှ VENOM အသင်းက ဟင်္သာတအသင်းကို ၆၅ မှတ် -၁၃ မှတ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း) (က) အသင်းက ရှမ်းပြည်နယ်(တောင်ပိုင်း) (ခ)အသင်းကို ၅၈ မှတ် -၃၂ မှတ်တို့ဖြင့် အနိုင်ရရှိသွားကြသည်။

ပြိုင်ပွဲကို ဧပြီ ၃၀ ရက် နံနက် ၈ နာရီတွင် ယင်းအားကစားပြိုင်ပွဲရုံ၌ ဆက်လက်ကျင်းပမည်ဖြစ်ရာ အမျိုးသားပြိုင်ပွဲတွင် KINGS အသင်းနှင့် သံလွင်အသင်း၊ ဟင်္သာတအသင်းနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) (ခ)အသင်း၊ COBRA အသင်းနှင့် LEGACY (T.T.C) အသင်း၊ VENOM အသင်းနှင့် ဆိပ်ဖူးတောင်အသင်း၊ ကန္တာရဝတီအသင်းနှင့် မိုးကုတ်အသင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း) (က)အသင်းနှင့် ချောင်းဆုံ(မွန်)အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ **(သတင်းစဉ်)**

ညအိပ်ရာဝင်ချိန် မီးသတိပေး နှိုးဆော်ချက်

(က) ခြင်ဆေးခွေ၊ ဖယောင်းတိုင်၊ ဘုရားမီး၊ အမွှေးတိုင်မီးများနှင့် မီးဖိုမီးကြွင်းမီးကျန်များ ငြိမ်းသတ်ပြီးမှ အိပ်ရာဝင်ရန်။
(ခ) မီးသုံးစွဲရင်း အိပ်စက်ခြင်း လုံးဝ မပြုလုပ်ပါနှင့်။
(ဂ) မိမိအိမ်နှင့် အိပ်ခန်းများတွင် လေဝင်၊ လေထွက် ကောင်းမွန်စေရေး စီမံထားရှိရန်။

မြန်မာ့အလင်း ဖောင်ပိတ်သတင်း

နိုင်းမြစ်အတွင်း ကူးတို့ယာဉ်နစ်မြုပ် အနည်းဆုံး လူ ၂၂ ဦး သေဆုံး

ကိုင်ရို ဧပြီ ၂၉

အီဂျစ်နိုင်ငံ ကိုင်ရိုမြို့၏ တောင်ဘက် ကီလိုမီတာ ၁၂၀ အကွာ ဗင်နီဆွင်မြို့အနီး နိုင်းမြစ်အတွင်း၌ ဧပြီ ၂၉ ရက်က ကူးတို့ယာဉ်တစ်စင်း နစ်မြုပ်ခဲ့ရာ အနည်းဆုံး ၂၂ ဦး သေဆုံးခဲ့ပြီး လေးဦးသာ အသက်ရှင်ခဲ့ကြောင်း မီနာသတင်းအေဂျင်စီက သတင်းထုတ်ပြန်ခဲ့သည်။

အီအီထွေး - ရေးသည်

နစ်မြုပ်

ကူးတို့ယာဉ်သည် ခရီးသည်များအား ထိုမြစ်၏ တစ်ဖက်ကမ်းသို့ ဖြတ်သန်းပို့ဆောင်ပေးစဉ် နစ်မြုပ်ခဲ့ခြင်းဖြစ်သည်။ သေဆုံးသူအများစုမှာ ကူးတို့ယာဉ်ပေါ် တင်ဆောင်လာသည့် ဘတ်စ်ကားပေါ်မှဖြစ်သည်။ ကူးတို့ယာဉ်သည် မြစ်ကမ်းပါးနှင့် တိုက်မိခဲ့စဉ် ဘတ်စ်ကားမှာ မြစ်ထဲ ထိုးကျသွားခဲ့သည်။ ထို့နောက် ကူးတို့သင်္ဘောပါနစ်မြုပ်သွားခဲ့သည်။ ခရီးသည် လေးဦးမှာ ဘတ်စ်ကားပြတင်းပေါက်မှ ခုန်ထွက် လွတ်မြောက်သွားခဲ့ခြင်းဖြစ်သည်။ သေဆုံးသူ ၂၂ ဦးအနက် ၁၈ ဦး၏ အလောင်းကို ပြန်လည်တွေ့ရှိခဲ့သည်။

မကြာခဏဖြစ်

ကူးတို့ယာဉ်နစ်မြုပ်မှုသည် နိုင်းမြစ်အတွင်း မကြာခဏ ဖြစ်လေ့ဖြစ်ထရှိကြောင်း၊ ပြီးခဲ့သည့် ဇူလိုင်လကလည်း နိုင်းမြစ်အတွင်း ကူးတို့ယာဉ်တစ်စင်း တိမ်းမှောက်ခဲ့ပြီး သေဆုံးသူ ငါးဦးရှိခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်အား ဂျပန်နိုင်ငံသံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် ဧပြီ ၂၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ဂျပန်နိုင်ငံတို့အကြား နှစ်နိုင်ငံကုန်သွယ်မှုကဏ္ဍတိုးမြှင့်ရန် ရည်ရွယ်ချက်ဖြင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး H.E. Mr. Takashi SAITO သည် ဧပြီ ၂၈ရက် မွန်းလွဲ ၁ နာရီက နေပြည်တော်ရှိ ဝန်ကြီးရုံးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ နှစ်နိုင်ငံကုန်သွယ်မှုဆိုင်ရာများကို ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။ (အပေါ်ပုံ) **(သတင်းစဉ်)**

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအား ထိုင်းနိုင်ငံ ဧည့်သည်နှင့်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဧပြီ ၂၉

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်းအား ထိုင်းနိုင်ငံ Thaicom Public Co., Ltd. မှ Chief Commercial Officer, Mr. Yongsit Rojsrivichaikul နှင့်အဖွဲ့သည် ယမန်နေ့နံနက်ပိုင်းက နေပြည်တော်ရှိ ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံအကြားဂြိုဟ်တုဆက်သွယ်မှုလုပ်ငန်းများ မြှင့်တင်ရေးနှင့် ဂြိုဟ်တုနည်းပညာဖလှယ်ရေးလုပ်ငန်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(အောက်ပုံ)** **(သတင်းစဉ်)**

သွေးလွန်တုပ်ကွေးကာကွယ်ရေးလုပ်ငန်းများ သဃ်န်းကျွန်းမြို့နယ်၌ တိုးမြှင့်ဆောင်ရွက်မည်

ရန်ကုန် ဧပြီ ၂၉

မကြာမီ မိုးတွင်းကာလကျရောက်တော့မည်ဖြစ်၍ သဃ်န်းကျွန်းမြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေး အပါအဝင် ကျန်းမာရေးလှုပ်ရှားမှုများကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

ယခုအခါ သဃ်န်းကျွန်းမြို့နယ် သွပ်ဝိုင်းကြီးရပ်ကွက်တွင် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး လူထုလှုပ်ရှားမှုများ ဆောင်ရွက်

လျက်ရှိရာ ဧပြီ ၂၇ ရက် နံနက် ၇ နာရီက ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအတွင်းရေးမှူး ဦးအောင်သန်းဝင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ကျန်းမာရေးဌာနမှူး ဒေါက်တာ မြတ်မွန်အေးနှင့်တာဝန်ရှိသူများ ကြည့်ရှုအားပေးခဲ့ကြသည်။

ထိုသို့ ကြည့်ရှုအားပေးမှုမတိုင်မီ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအတွင်းရေးမှူး ဦးအောင်သန်းဝင်းနှင့်အဖွဲ့သည် သဃ်န်းကျွန်းမြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံး၌ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးနှင့် ပတ်သက်၍ အမှာစကားပြောကြားသည်။

ဆက်လက်၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ကျန်းမာရေးဌာနမှူး ဒေါက်တာ မြတ်မွန်အေးနှင့် တာဝန်ရှိသူများက ရောဂါကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားရှိမှုများကို အသီးသီးရှင်းလင်းတင်ပြခဲ့ကြသည်။

သဃ်န်းကျွန်းမြို့နယ် သွပ်ဝိုင်းကြီးရပ်ကွက် မေတ္တာလမ်းတစ်လျှောက် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး လူထုလှုပ်ရှားမှုများဖြစ်သော ပညာပေးဟောပြောခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ်ပြုလုပ်ခြင်း၊ အဘိတ်ဆေးခတ်ခြင်း၊ ခြင်ထောင်ဆေးရည်စိမ်ခြင်းနှင့် ခြင်ဆေးမှုတ်ခြင်းများကို ဧပြီ ၂၇ ရက်က ပြုလုပ်ခဲ့ကြကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** (ဝ၂၅)

ဒဂုံမြို့သစ်(မြောက်ပိုင်း) သက်ကြီးပူဇော်ပွဲ အမှတ်(၃၇)ရပ်ကွက်၌ ကျင်းပ

ရန်ကုန် ဧပြီ ၂၉

ဒဂုံမြို့သစ်(မြောက်ပိုင်း)ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ရပ်မိရပ်ဖနှင့် လူမှုရေးအသင်းအဖွဲ့များပူးပေါင်း၍ အသက်(၈၀)နှင့်အထက် ဘိုးဘွားများ ပူဇော်ကန်တော့ပွဲကို ဧပြီ ၂၃ ရက် ညနေ ၄ နာရီက (၃၇)ရပ်ကွက် သာသနာရက္ခိတမ္မောရုံ၌ ကျင်းပရာ အခမ်းအနားတွင် တက်ရောက်လာသူများနှင့် အလှူရှင်များက သက်ကြီးဘိုးဘွား ၇၈ ဦးအား ဘိုးဘွားတစ်ဦးလျှင် ငွေသားကျပ် တစ်သောင်းတစ်ထောင်နှင့် လှူဖွယ်ပစ္စည်းများဖြင့် ပူဇော်ကန်တော့ခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ပန်းတနော်မြို့နယ်၌ ငါးလုပ်ငန်းအသင်းစုများဖွဲ့စည်းမည် ကျေးလက်ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန်စီစဉ်ထား

ပန်းတနော် ဧပြီ ၂၉

ပန်းတနော်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာန၏ ရေလုပ်ငန်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနရုံး၌ ဧပြီ ၂၃ ရက် မွန်းလွဲ ၁ နာရီက ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာနမှူး ဦးကျော်မင်း(ဝဲပုံ)၊ မအူပင်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးစိန်သောင်း၊ မြောင်းမြခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးမင်းနောင်၊ မြန်မာနိုင်ငံရေချိုငါးလုပ်ငန်းအသင်းဥက္ကဋ္ဌ ဦးငြိမ်းမြိုင်၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးဇော်မင်းဦးတို့က လုပ်ငန်းဆိုင်ရာများ ရှင်းလင်းဆွေးနွေးကြပြီး အင်းလုပ်ငန်းပြုပြင်ထုတ်လုပ်မှု လုပ်ငန်းရှင်များ၊ အဝယ်ဒိုင်များနှင့် ရေလုပ်ငန်းလုပ်ကိုင်သူများက ပြန်လည်ဆွေးနွေးခဲ့ကြသည်။

စီစဉ်ထား

ပန်းတနော်မြို့နယ်တွင် ငါးလုပ်ငန်းအသင်းစုများဖွဲ့စည်း၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ရန်စီစဉ်ထားကြောင်း သိရသည်။ (၁၄၃)

ကသာမြို့နယ် အမှတ်(၅) ရပ်ကွက် ဘီအိုစီလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို မတ် ၁၃ ရက်က ကျင်းပရာ ကသာခရိုင်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်ဌေး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မင်းထိုက်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးထွန်းထွန်းတို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ကြိုတင်ကာကွယ် မီးအန္တရာယ်

မော်လမြိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဧပြီ ၂၄ ရက်တွင် မြို့သာယာလှပရေးလုပ်ငန်းတစ်ရပ်ဖြစ်သော ပန်းအလှပင်များ စိုက်ပျိုးခြင်းကို အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်ခွာညိုဌေး ကြီးကြပ်ဆောင်ရွက်စဉ်။ (၁၀၇)

မြဝတီရုပ်မြင်သံကြား

၃၀-၄-၂၀၁၁ (စနေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၇:၀၄ ၃။ နိုင်ငံတော်သီချင်း
- ၇:၀၅ ၄။ တရားတော်
- ၇:၂၀ ၅။ ဓမ္မပူဇာတေး
- ၇:၂၅ ၆။ မျိုးချစ်တပ်မတော်
- ၇:၃၀ ၇။ မြန်မာ့ရှုခင်း
- ၇:၄၀ ၈။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၅၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ မြဝတီအဖွင့်
- ၁၁:၀၅ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၁၁:၁၀ ၃။ နိုင်ငံတော်သီချင်း
- ၁၁:၁၅ ၄။ အဖွင့်သီချင်း
- ၁၁:၂၀ ၅။ မျိုးချစ်တပ်မတော်
- ၁၁:၂၅ ၆။ ကာတွန်းအစီအစဉ် **ချစ်မိတ်ဆွေဗလကြီး** (အပိုင်း-၅၁)
- ၁၂:၀၀ ၇။ ရုပ်မြင်သံကြားဇာတ်လမ်း **အသစ်ဖြစ်သွားသောရင်ခုန်သံ** နေတိုး၊ သက်မွန်မြင့်နှင့် သရုပ်ဆောင်များ ဒါရိုက်တာ-ကိုဇော် (အရှဏ်ဦး)
- ၁၃:၃၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၁၄:၀၀ ၉။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ချစ်မျက်ရည်လေးပြယ်ပါစေ** (အပိုင်း-၆၂)

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၄:၀၇ ၃။ နိုင်ငံတော်သီချင်း
- ၄:၁၃ ၄။ အဖွင့်သီချင်း
- ၄:၁၅ ၅။ မျိုးချစ်တပ်မတော်
- ၄:၂၀ ၆။ ကျန်းမာကြံ့ခိုင်တို့နိုင်ငံ
- ၄:၂၃ ၇။ မြန်မာသံစဉ်
- ၄:၃၀ ၈။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု
- ၄:၄၀ ၉။ ချစ်သူစုံတွဲတူယှဉ်နွဲ
- ၄:၅၀ ၁၀။ ကုန်သွယ်သုတ
- ၄:၅၅ ၁၁။ သတိနှင့်တိုးမည့်ပိုးဖလံများ
- ၅:၁၀ ၁၂။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅:၃၀ ၁၃။ ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
- ၆:၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၅။ အမျိုးသားရေးတေးကဗျာ
- ၆:၂၀ ၁၆။ **စားဖိုဆောင်ချစ်သူ**
- ၆:၄၀ ၁၇။ ထူးခြားဆန်းပြား ကမ္ဘာတစ်လွှား
- ၇:၀၀ ၁၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **လမင်းနေမင်းကြယ်တစ်စင်း** (အပိုင်း-၄)
- ၈:၀၀ ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၂၀။ အမျိုးသားရေးတေးကဗျာ
- ၂၁။ နိုင်ငံတကာသတင်း
- ၂၂။ မိုးလေဝသသတင်း
- ၂၃။ လူရွှင်တော်စကား
- ၂၄။ အင်္ဂလိပ်စာသုတ
- ၂၅။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အချစ်တို့တည်ရာ** (အပိုင်း-၁၀)
- ၂၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အိမ်အပြန်လမ်း** (အပိုင်း-၄၉)

❖ *ရှေ့ဖုံးမှ*

အဆိုပါ ဧရာဝတီတံတား(မလွန်)ကို ၂၂-၁၁-၂၀၀၉ရက်တွင် တည်ဆောက်ရေးလုပ်ငန်းများစတင်ခဲ့ကြောင်း သိရသည်။ ဤတံတား၏ ပင်မတံတားအရှည်မှာ ၃၂၁၅ ပေ ၅ လက်မရှည်လျားပြီး ကားလမ်း (နှစ်လမ်း)နှင့် ရထားလမ်း(တစ်လမ်း)ပါဝင်သည့် တံတားကြီးဖြစ်သည်။

ဧရာဝတီတံတား(မလွန်)
စီမံကိန်းဆိုင်ရာအချက်အလက်များ

ဧရာဝတီတံတား(မလွန်)၏ ပင်မရေလယ်တိုင်များကို တွေ့ရစဉ်။

၁။ တည်နေရာ - မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ မကွေးမြို့နယ်၊ ရာသစ်ကျေးရွာနှင့် စစ်ကိုးပင်(စစ်ခိုပင်)ကျေးရွာအနီး၊ မိချောင်းရဲ-ပဋ္ဌနဂိုရ်ကားလမ်း၊ မိုင်တိုင်အမှတ် (၁၁/၄) နှင့် (၁၁/၅)ကြား။

၂။ တံတားအရှည် - ပင်မတံတား - ၉၈၀ မီတာ (၃၂၁၅ ပေ)
ချဉ်းကပ်တံတား(ကားလမ်း) (မိချောင်းရဲဘက်ကမ်း) - ၁၃၁၂ ပေ
ချဉ်းကပ်တံတား(ကားလမ်း) (မလွန်ဘက်ကမ်း) - ၁၃၁၂ ပေ
ချဉ်းကပ်တံတား(ရထားလမ်း) (မိချောင်းရဲဘက်ကမ်း) - ၁၉၂၂ ပေ - ၈ လက်မ၊ ချဉ်းကပ်တံတား(ရထားလမ်း) (မလွန်ဘက်ကမ်း) - ၂၀၀၈ ပေ

၃။ တံတားအကျယ် - ကားလမ်း- ၂၈ ပေ
ရထားလမ်း - ၁၄ ပေ
လူသွားလမ်း(တစ်ဖက်လျှင်) - ၃ ပေ

၄။ တံတားအမျိုးအစား
(က) အုတ်မြစ် - အချင်း ၁ ဒသမ ၅ မီတာ၊ အချင်း ၁ ဒသမ ၂ မီတာ လွန်တူးပိုင်။
(ခ) တံတားအောက်ထည် - သံကူကွန်ကရစ်
(ဂ) တံတားအပေါ်ထည် - ပင်မတံတား - သံမဏိသံပေါင်
ချဉ်းကပ်တံတား(ကားလမ်း) သံကူကွန်ကရစ်
ချဉ်းကပ်တံတား(ရထားလမ်း) သံကူကွန်ကရစ်

၅။ ခန်းဖွင့်ဖွဲ့စည်းပုံ (က) ပင်မတံတား-
၉၆ မီတာ×၂ ခန်း
၁၁၂ မီတာ×၇ ခန်း } ၉၈၀မီတာ
(ခ) ချဉ်းကပ်တံတား(ကားလမ်း) (မိချောင်းရဲဘက်ကမ်း) ၂၀ မီတာ × ၂၀ ခန်း
- ချဉ်းကပ်တံတား(ကားလမ်း) (မလွန်ဘက်ကမ်း) ၂၀ မီတာ × ၂၀ ခန်း
(ဂ) ချဉ်းကပ်တံတား(ရထားလမ်း) (မိချောင်းရဲဘက်ကမ်း) (၂၀ မီတာ × ၂ ခန်း)+ (၂၆ မီတာ × ၂၁ ခန်း)
- ချဉ်းကပ်တံတား(ရထားလမ်း) (မလွန်ဘက်ကမ်း) (၂၀ မီတာ × ၂ ခန်း)+ (၂၆ မီတာ × ၂၂ ခန်း)

၆။ ရေလမ်းကင်းလွတ်အကျယ် - ၇၀ မီတာ (၂၃၀ ပေ)
၇။ ရေလမ်းကင်းလွတ်အမြင့် - ၁၇ ဒသမ ၃၇ မီတာ (၅၇ ပေ)
၈။ ခွင့်ပြုယာဉ်နှင့်အလေးချိန် - AASHTO HS 20-44 (နှစ်လမ်း)
(ယာဉ်တစ်စီးချင်းခွင့်ပြုအလေးချိန်) - တန် (၆၀)
၉။ ခန့်မှန်းစီမံကိန်းတန်ဖိုး - ကျပ် သန်းပေါင်း (၃၃၆၆၈)
၁၀။ စီမံကိန်းစတင်သည့်ရက် - ၂၀၀၉ ခုနှစ်၊ နိုဝင်ဘာလ ၂၂ရက်

ပင်မ ရေလယ်တိုင်များ

ဧရာဝတီတံတား(မလွန်)၏ ပင်မ ရေလယ်တိုင်များအား အချောသပ် ကွန်ကရစ်လောင်းနေမှုကို ဤသို့ တွေ့ရသည်။



ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အထူးစီမံကိန်းကြီး တည်ဆောက်ရေးအဖွဲ့(၄)က တာဝန်ယူတည်ဆောက်နေသည့် ဤဧရာဝတီတံတား(မလွန်)သည် ကားနှင့်ရထား တစ်ပြိုင်တည်း သွားနိုင်သည့် တံတားကြီးဖြစ်သောကြောင့် ဧရာဝတီမြစ်၏ အရှေ့ဘက်ခြမ်းနှင့် အနောက်ဘက်ခြမ်းတို့တွင် မီးရထားနှင့်ကားလမ်း ကွန်ရက်များ ဆက်စပ်ပေးမည်ဖြစ်သည့်အတွက် ခရီးသွားပြည်သူများနှင့် ဒေသထွက်ကုန်များ ပို့ဆောင်ရေးတွင် လွယ်ကူစေမည်ဖြစ်ကြောင်း သိရသည်။

တွေ့ဆုံ

ကျွန်တော်တို့သည် ဧရာဝတီတံတား(မလွန်)၌ ဆောင်ရွက်လျက်ရှိသော ပင်မတံတားလုပ်ငန်းနှင့် ချဉ်းကပ်ကားလမ်းတံတား၊ ချဉ်းကပ်ရထားလမ်းတံတား(မိချောင်းရဲဘက်ကမ်း)နှင့် ချဉ်းကပ်ကားလမ်းတံတား၊ ချဉ်းကပ်ရထားလမ်းတံတား(မလွန်ဘက်ကမ်း)တို့၌ သတင်းဓာတ်ပုံများ ရိုက်ကူးကြသည်။ ထို့နောက် တံတားတည်ဆောက်ရေးလုပ်ငန်းခွင်၌ စီမံကိန်းအင်ဂျင်နီယာမှူးကြီး ဦးစိုးမင်း(မြို့ပြ)အား တွေ့ဆုံ၍ သိလိုသည်များကို မေးကြည့်ခဲ့သည်။

ခုတ်မောင်းသွားနိုင်

ဤတံတားကြီးသည် မီးရထား၊ ကား နှစ်မျိုးသွားနိုင်သော တံတားကြီးဖြစ်ပြီး ဧရာဝတီမြစ်၏ ပေ ၂၉၀၀ အကျယ်ရှိ မြစ်ကျဉ်းနေရာမှ တည်ဆောက်နေခြင်းဖြစ်သည့်အတွက် ရေလမ်းကြောင်းကောင်းပြီး သင်္ဘောများ အန္တရာယ်ကင်းစွာ ခုတ်မောင်းသွားနိုင်မည်ဖြစ်ကြောင်း၊ လက်ရှိအနေအထားအရ မိချောင်းရဲဘက်ကမ်း ချဉ်းကပ်ရထားလမ်းတိုင်များမှာ ၈၇ ရာခိုင်နှုန်း ဆောင်ရွက်ပြီး၍ P.C Girder တင်သည့် လုပ်ငန်းကို ဆောင်ရွက်လျက်ရှိကြောင်း၊ ချဉ်းကပ်ကားလမ်း တံတားတိုင်များမှာလည်း ၁၀၀ ရာခိုင်နှုန်းပြီးစီး၍ တံတားကြမ်းခင်းလုပ်ငန်းကို ဆက်လက်ဆောင်ရွက်နေကြောင်း၊ မလွန်ဘက်ကမ်းအနေဖြင့် ချဉ်းကပ်ရထားလမ်းတိုင်များမှာ ၇၅ ရာခိုင်နှုန်းကျော်ပြီးစီး၍ ကားလမ်းတံတားတိုင်များကို ၁၀၀ ရာခိုင်နှုန်းအထိ ဆောင်ရွက်ပြီးဖြစ်ကြောင်း၊ ကားလမ်းအတွက် R.C Girder တင်သည့်လုပ်ငန်းကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း။

မိချောင်းရဲဘက်ကမ်း ချဉ်းကပ်ကားလ... (၁၁/၃)တွင် တွေ့ဆုံပြီး ပြည်-အောင်လံ-မ... တွေ့ဆုံမှာဖြစ်ကြောင်း။

မလွန်ဘက်ကမ်း ချဉ်းကပ်ကားလမ်းမှာလ... ပုသိမ်-မုံရွာလမ်းနှင့်ဆက်သွယ်မည့် ၂၅ မိုင်... ဖောက်လုပ်ရန် စီစဉ်လျက်ရှိကြောင်း။

တံတားကြီးတည်ဆောက်စဉ် ဧရာဝတီမြ... ရခြင်းဖြစ်ပြီး အောက်ခံမြေမှာ သဲကျောက်ဖြစ်ပြေ... သဲထု ပေ ၇၀ ခန့်ရှိကြောင်း။

ရေလယ်တိုင်များကို မိုးတွင်းရေစီးမသ... အနက်ရရှိရေးတူးရာမှာ အပေါ်ပိုင်းကသဲထုကို... သာမန် လက်ယက်သဲတွင်းပင် တူးရင်းပြိုတတ်... သတိဝီရိယထားပြီး နေ့၊ ည ချိန်ဆတူးရကြေ...

RP-9 တူးစဉ် မြစ်ရေသည် ငါးပေခန့်သ... ပေ ၂၀၀× ပေ ၂၀၀ ခန့် ပြုလုပ်ရကြောင်း၊ ယ... ဖြစ်ပြီး ရှေးဟောင်းရွှေဆွဲကြိုးများ တွေ့ရှိခဲ့ပြေ...

ရေစီးသန်သောနေရာတွင် တံတားဆော... လွယ်ကူမြန်ဆန်စေမည်ဖြစ်ကြောင်း၊ ပြည်တွင်... ကုန်ထုတ်ပို့ဆောင်ရန် လမ်းပေါ်ရှိ အချက်... တည်ဆောက်ခြင်းဖြင့် ဒေသသည် ပိုမိုမြန်ဆ...

ထို့အပြင် ခရီးသွားပြည်သူများအနေဖြင့်... ဖူးတွေ့နိုင်သကဲ့သို့ သဲကျောက်တောင်ကို ထွ... များစွာ ရှိနေခြင်းကြောင့် တရားဘာဝနာ အားထ... နိုင်မည်ဖြစ်ကြောင်း။

ထို့အပြင် တံတားနှင့် ၁၅ မိုင်ခန့်၌ ဗိသ... လေ့လာနိုင်ကြောင်း၊ ရွှေကျင်သာသနာစတင်... သာသနာပိုင်ဆရာတော်ကြီး သီတင်းသုံးခဲ့သေ...

ထို့အပြင် မင်းလှခံတပ်၊ ငွေချောင်းခံတ... သမိုင်းဝင်နေရာများ အများအပြားရှိနေကြောင်...

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃၀-၄-၂၀၁၁ (စနေနေ့)
နံနက်ပိုင်း

၅:၀၀ MRTV-4အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+ အင်္ဂုလိမာလသုတ်၊ ဗောဇ္ဈင်္ဂသုတ်၊ ပုဗ္ဗဏှသုတ်
၅:၂၀ MRTV-4 သတင်း
၅:၅၀ **နာတာသိရုံနဲ့ ဝိပဿနာ မဖြစ်ဘူး** တရားတော် (ဆရာတော် ဘဒ္ဒန္တ ဒေါက်တာ စန္ဒာဝရာဘိဝံသ)
၆:၄၀ ကံကူထွတ်ခေါင် ပိတ်ချင်းမြောင်
၆:၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းအတွက်ဆိုရင်** (အပိုင်း-၈၉)
၇:၃၀ MRTV-4 သတင်း
၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၄၇)
၈:၅၅ ပျော်စရာကြီး Live Show (အပိုင်း-၆)
၉:၂၅ ပညာရေးဝန်ကြီးဌာန အမှတ် (၂) အခြေခံပညာဦးစီးဌာန မန္တလေးမြို့ ရှင်အပါး (၁၁၀၀)သာသနာ့အမွေခံ ရှင်သာမဏေ စုပေါင်းရှင်ပြု အလှူတော်မင်္ဂလာ
၉:၄၀ Global Panorama (ကိုကိုလှိုင်၊ မျိုးမြတ်သူ)
၁၀:၁၀ ယဉ်တကာ့ယဉ်
၁၀:၃၀ သွားမယ်စားမယ် (California Fusions Roll & Sushi)
၁၀:၅၀ ကူညီဒါနကုသိုလ်မျှ… ပုညသဟာယ
၁၁:၀၅ ပန်းချီပြခန်း (April Time)
၁၁:၂၀ Activities in the City (ကန့်လန့်ကာကြီးဖွင့်ပါဦး ဗီဒီယိုဇာတ်ကားကန်တော့ပွဲ ပေးပွဲအခမ်းအနား)
၁၁:၄၀ ဟိုတယ်လမ်းညွှန် (Hotel Ace Chaung Tha Beach)
၁၂:၁၅ ဒါနကုသိုလ်ပြုကြရာဝယ်…
၁၂:၂၅ ဘဒ္ဒန္တဒေါက်တာနန္ဒမာလာဘိဝံသ သက်တော်(၇၁)နှစ်ပြည့် မွေးနေ့အမှတ်တရ ဂုဏပူဇာ
၁၂:၄၀ မင်္ဂလာတိုက် (မော်ဘီ)၏ သုမင်္ဂလဝိလာသိနီဓမ္မာရုံ ရေစက်ချအလှူတော်မင်္ဂလာ
၁:၀၀ **နာတာသိရုံနဲ့ ဝိပဿနာ မဖြစ်ဘူး** တရားတော် (ဆရာတော် ဘဒ္ဒန္တ ဒေါက်တာ စန္ဒာဝရာဘိဝံသ)
၂:၀၀ MRTV-4 သတင်း
၂:၂၀ Goals of the Week
၂:၅၀ ပညာအလင်းနှင့် ယုံကြည်မှုတို့ အပ်နှင်းရာ… ပြင်ဦးလွင်စိုးစံမှာ
၃:၀၅ အလုံသင်္ဘောကျင်း၏ တစ်နေ့တာ လုပ်ငန်းဆောင်တာများ
၃:၂၅ ရန်ကုန်မြင်ကွင်းကျယ် [အထက (၃) ကြည့်မြင်တိုင် ကျောင်း၏ စုပေါင်းသိက္ခာထပ် ရဟန်းခံရှင်ပြုအလှူတော်မင်္ဂလာ]
၃:၄၅ (...
၄:၀၀ M...
၄:၅၅ M...
၅:၃၀ ဂ...
၆:၀၀ M...
၆:၂၀ မ...
၆:၄၀ M...
၇:၃၀ ဖ...
၈:၀၀ M...
၈:၂၅ B...
၁၀:၂၅ K...
၁၀:၅၅ B...

MRTV... တို့တွ... တောင်ကြ...

ညပိုင်...

မိချောင်းရဲဘက်ကမ်း ချဉ်းကပ်ကားလမ်းမှာ သစ်ရာကောက်-ပဋ္ဌနဂိုရ်ကားလမ်းနှင့် မိုင်တိုင်အမှတ်(၁၁/၃)တွင် တွေ့ဆုံပြီး ပြည်-အောင်လံ-မကွေးကားလမ်းနှင့် မိုင်တိုင်အမှတ်(၃၀၁/၁)တွင် သွားရောက်တွေ့ဆုံမှာဖြစ်ကြောင်း။

မလွန်ဘက်ကမ်း ချဉ်းကပ်ကားလမ်းမှာလည်း မလွန်မြို့သို့ ငါးမိုင်ခွဲခန့်သာ ကွာဝေးကြောင်း၊ ထိုမှတစ်ဆင့် ပုသိမ်-မုံရွာလမ်းနှင့်ဆက်သွယ်မည့် ၂၅ မိုင်ရှည်လျားသည့် မလွန်-မင်းလှ-တောင်ဦး-ကန်တုတ်လမ်းကို ဖောက်လုပ်ရန် စီစဉ်လျက်ရှိကြောင်း။

တံတားကြီးတည်ဆောက်စဉ် ဧရာဝတီမြစ်ကျဉ်းသဘာဝအရ ဝဲယာ သဲကျောက်တောင်ကြောကို စီးဆင်းရခြင်းဖြစ်ပြီး အောက်ခံမြေမှာ သဲကျောက်ဖြစ်ကြောင်း၊ မိုးတွင်းမှာ ရေစီးလည်း သန်ကြောင်း၊ ကျောက်လွှာပေါ်မှာ သဲထု ပေ ၇၀ ခန့်ရှိကြောင်း။

ရေလယ်တိုင်များကို မိုးတွင်းရေစီးမသန်မီ ဘိုးပိုင်များကို အပြီးတူးရကြောင်း၊ ပေ ၁၀၀ ကျော်အထိ အနက်ရရှိရေးတူးရာမှာ အပေါ်ပိုင်းကသဲထုကို ကျော်ပြီးမှ အောက်လွှာကျောက်သားကို ဖောက်ရကြောင်း၊ သာမန် လက်ယက်သဲတွင်းပင် တူးရင်းပြိုတတ်ကြောင်း၊ သဲလွှာအောက်က ကျောက်သားထုကို ဖောက်ရာမှာ သတိဝီရိယထားပြီး နေ့၊ ည ချိန်ဆတူးရကြောင်း။

RP-9 တူးစဉ် မြစ်ရေသည် ငါးပေခန့်သာရှိ၍ သင်္ဘောအုပ်စုဝင်မရသောကြောင့် ယာယီသဲကျင်းတစ်ခု ပေ ၂၀၀× ပေ ၂၀၀ ခန့် ပြုလုပ်ရကြောင်း၊ ယင်းနေရာတွင် သဲကျောက်စရစ်များ အထက်အောက်လှန်သကဲ့သို့ ဖြစ်ပြီး ရှေးဟောင်းရွှေဆွဲကြိုးများ တွေ့ရှိခဲ့ကြောင်း၊ ယင်းရွှေကြိုးများကို နိုင်ငံတော်သို့ အပ်နှံခဲ့ကြောင်း။

ရေစီးသန်သောနေရာတွင် တံတားဆောက်ခြင်းဖြစ်၍ သင်္ဘောများ သွားလာရမှု၊ ကုန်စည်စီးဆင်းမှု လွယ်ကူမြန်ဆန်စေမည်ဖြစ်ကြောင်း၊ ပြည်တွင်းသာမက ပြည်ပနိုင်ငံများသို့ ရေနက်ဆိပ်ကမ်းများမှတစ်ဆင့် ကုန်ထုတ်ပို့ဆောင်ရန် လမ်းပေါ်ရှိ အချက်အချာကျသော တံတားကြီးဖြစ်ကြောင်း၊ ဤတံတားကြီး တည်ဆောက်ခြင်းဖြင့် ဒေသသည် ပိုမိုမြန်ဆန်စွာ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း။

လေ့လာနိုင်

ထို့အပြင် ခရီးသွားပြည်သူများအနေဖြင့် မလွန်မြို့ မြသပိတ်စေတီတော်ကြီးနှင့် ရှေးဟောင်းဘုရားများကို ဖူးတွေ့နိုင်သကဲ့သို့ သဲကျောက်တောင်ကို ထွင်းဖောက်စဉ် ကျောက်ဂူများ တည်ဆောက်ထားသည့် နေရာများစွာ ရှိနေခြင်းကြောင့် တရားဘာဝနာ အားထုတ်လိုသူများနှင့် ရှေးဟောင်းသမိုင်းလေ့လာလိုသူများ လေ့လာနိုင်မည်ဖြစ်ကြောင်း။

ထို့အပြင် တံတားနှင့် ၁၅ မိုင်ခန့်၌ ဗိဿနိုးမြို့ဟောင်းရှိပြီး ပျူခေတ်ယဉ်ကျေးမှုနှင့် လူနေမှုတို့ကိုလည်း လေ့လာနိုင်ကြောင်း၊ ရွှေကျင်သာသနာစတင်ရာ မင်းတုန်းမင်းကြီး ကိုးကွယ်တော်မူသည့် ပထမရွှေကျင်သာသနာပိုင်ဆရာတော်ကြီး သီတင်းသုံးခဲ့သော ရွှေကျင်ဂူတောရကျောင်းလည်းရှိကြောင်း။

ထို့အပြင် မင်းလှခံတပ်၊ ငွေးချောင်းခံတပ် စသော အမျိုးသားဇာတိမာန် တက်ကြွစေသည့် ရှေးဟောင်းသမိုင်းဝင်နေရာများ အများအပြားရှိနေကြောင်း သိခွင့်ရခဲ့ပါသည်။

ကွန်ကရစ်ရက်မ တပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်

ရောဝတီတံတား(မလွန်)၏ မလွန်ဘက်ကမ်း ချဉ်းကပ်တံတား ကွန်ကရစ်ရက်မ တပ်ဆင်ခြင်း လုပ်ငန်းကို ဆောင်ရွက်နေကြစဉ်။

ဝက်နားရွက်ပြာရောဂါ သတိပြုစရာ

ဆောင်းဆောင်း(မွေး/ကု)

ဝက်နားရွက်ပြာရောဂါသည် ဖြစ်ပွားပါက ကူးစက်မြန်သည်။ ပြင်းထန်သည်။ အသက်ရှူလမ်းကြောင်းနှင့် မျိုးပွားလမ်းကြောင်းများ၌ ဖြစ်ပွားတတ်ပြီး နှာရည်၊ တံတွေး၊ ဆီး၊ ကျင်ကြီးနှင့် သုက်ပိုးတို့မှတစ်ဆင့် ကူးစက်ပျံ့နှံ့စေနိုင်သည်။ ဝက်အသက်အရွယ်မရွေး ဖြစ်ပွားနိုင်ပြီး ရောဂါကူးစက်မှုနှုန်း ၅၀ ရာခိုင်နှုန်းမှ ၁၀၀ ရာခိုင်နှုန်းအထိရှိသည်။ နို့စို့ဝက်ငယ်နှင့် ဝက်ငယ်ကလေးများတွင် သေပျောက်နှုန်း ပိုမိုများပြားသည်။ မျိုးဝက်မကြီးများတွင် ကူးစက်ဖြစ်ပွားပါက သားလျှောခြင်း၊ အသေမွေးခြင်းများ ဖြစ်ပွားစေသဖြင့် ဆုံးရှုံးမှု များပြားစေပြီး ဂရုစိုက်သင့်သော ရောဂါတစ်ခု ဖြစ်သည်။

ဝက်နားရွက်ပြာ ရောဂါကို PRRS (Porcine Reproductive and Respiratory Symdrome) ဟု ခေါ်သည်။ ရောဂါဖြစ်စေသော ဗိုင်းရပ်စ်မှာ RNA ဗိုင်းရပ်စ်အမျိုးအစားဖြစ်ပြီး ဥရောပမျိုးကွဲနှင့် မြောက်အမေရိက မျိုးကွဲဟူ၍ နှစ်မျိုးရှိသည်။ အာရှနိုင်ငံအများစုတွင် မြောက်အမေရိက မျိုးကွဲ၌ပါဝင်သည့် တရုတ်မျိုးစိတ်ကြောင့် ဖြစ်ပွားကြောင်း တွေ့ရှိရသည်။

ဝက်နားရွက်ပြာ ရောဂါကို ၁၉၈၇ ခုနှစ်တွင် အမေရိကန်နိုင်ငံ၌ စတင်ဖြစ်ပွားခဲ့ပြီး ဂျာမနီ၊ နယ်သာလန်၊ စပိန်၊ ပြင်သစ်၊ အင်္ဂလန်နှင့် ကနေဒါနိုင်ငံများတွင် ၁၉၉၀ နှင့် ၁၉၉၅ ခုနှစ်များအတွင်း ဖြစ်ပွားခဲ့သည်။ ရောဂါဖြစ်သည့် ဝက်အချို့၏ နားရွက်မှာ အပြာရောင် ဖြစ်လာသဖြင့် ဝက်နားရွက်ပြာရောဂါဟု ခေါ်ခြင်းဖြစ်သည်။ အာရှနိုင်ငံများဖြစ်သည့် တရုတ်နိုင်ငံတွင် ၂၀၀၆ ခုနှစ်၊ ဗီယက်နမ်နိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံတွင် ၂၀၀၇ ခုနှစ်၊ ထိုင်းနိုင်ငံတွင် ၂၀၀၈ ခုနှစ်၊ ကမ္ဘောဒီးယားနိုင်ငံနှင့် လာအိုနိုင်ငံတွင် ၂၀၁၀ ခုနှစ်နှင့် မြန်မာနိုင်ငံတွင် ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီလဆန်းပိုင်းတွင် မန္တလေးမြို့၌ စတင်ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ရောဂါဖြစ်ပွားသော ဝက်သည် အစာစားပျက်သည်၊ ဖျားနာသည်၊ ကိုယ်အပူချိန် ၄၀ မှ ၄၂ ဒီဂရီစင်တီဂရိတ်အထိရှိလာမည်။ နှာရည်ယိုသည်၊ နှာချေသည်၊ အသက်ရှူကျပ်ပြီး မျက်မြွေးရောင်ခြင်း၊ မျက်စိနာခြင်းဖြစ်သည်။ အရေပြားများ နီလာသည်။ နားရွက်၊ ဝမ်းဗိုက်နှင့် အမတန်ဆာများ အနီရင့်ရောင်၊ အပြာရောင်အကွက်များ ဖြစ်လာသည်။ ဝမ်းလျှောတတ်သည်၊ ခန္ဓာကိုယ် ဒယိမ်းဒယိုင်ဖြစ်၍ နောက်ပိုင်း မသန်ချည့်နဲ့လာသည်။ ဝက်မကြီးများတွင် သားလျှောခြင်း၊ သားပျက်ခြင်း၊ အသေမွေးခြင်း၊ အားအင်ချည့်နဲ့သော ဝက်ကလေးများမွေးခြင်း၊ အသေခြောက်ကလေးများ မွေးတတ်သည်။

ဝက်နားရွက်ပြာရောဂါသည် ဗိုင်းရပ်စ်ရောဂါပိုးကြောင့် ဖြစ်ပွားရခြင်းဖြစ်၍ ကုသရန်ဆေးမရှိပါ။ ဆေးကုသ၍မရပါ။ အခြား နောက်ဆက်တွဲရောဂါများ မဖြစ်ပွားအောင်သာ သန့်ရှင်းရေးပြုလုပ်ခြင်း၊ ပိုးသတ်ဆေးဖျန်းခြင်း၊ အာဟာရပြည့်ဝသည့် အစာ၊ ရေကျွေးမွေးခြင်းဖြင့် ဆုံးရှုံးမှု လျော့ပါးစေနိုင်သည်။ ရောဂါဖြစ်ပွားသည့် ဝက်နှင့် ၎င်းဝက်၏ အညစ်အကြေးများ၊ အစားကြွင်း အစာကျန်များတွင် ရောဂါပိုး ပါရှိနေနိုင်သဖြင့် ၎င်းပစ္စည်းများ အညစ်အကြေးများကို စနစ်တကျ သုတ်သင်ရှင်းလင်းရန် လိုအပ်သည်။

ရောဂါဖြစ်ပွားသော ဝက်ကို နေရာရွှေ့ပြောင်းခြင်းမပြုဘဲ အတူနေ ကျန်းမာသည့် ဝက်များသာ ရွှေ့ပြောင်းမွေးမြူရမည်။ ရောဂါဖြစ်ပွားသော ခြံနေရာနှင့် ပတ်လည်တွင် သန့်ရှင်းရေးပြုလုပ်ခြင်း၊ မွေးမြူရေးခြံသုံး ပိုးသတ်ဆေးဖျန်းခြင်းပြုလုပ်ရမည်။ ရောဂါဖြစ်၍ သေဆုံးသောဝက်ကို ပိုးသတ်ဆေးဖျန်း၍ ခြောက်ပေအနက် ကျင်းတူး၍ မြှုပ်ရမည်။ ဖြစ်နိုင်ပါက မီးရှို့၍ ဖျက်ဆီးခြင်းသည် အကောင်းဆုံးဖြစ်သည်။

တစ်ပိုင်တစ်နိုင် ဝက်မွေးမြူသူများသည် ခြံလှောင်မွေးမြူခြင်းထက် လွှတ်ကျောင်း၍ မွေးတတ်သည်။ မန္တလေး၊ ပြင်ဦးလွင်၊ မကွေးမြို့များ၌ ဝက်နားရွက်ပြာရောဂါ ဖြစ်ပွားမှုများတွင် ခြံလှောင်၍ စနစ်တကျမွေးမြူသော ခြံများတွင် ဖြစ်ပွားမှုနည်းသည်။ လွှတ်ကျောင်းမွေးသူများတွင် အများဆုံး ဖြစ်ပွားကြောင်း တွေ့ရသည်။ ဝက်စာကို စနစ်တကျစပ်၍ ကျွေးသူများတွင် ဖြစ်ပွားမှုနည်းသည်။ စားသောက်ဆိုင်များမှ အစာကျန်များစု၍ ကျွေးသူများတွင် ဖြစ်ပွားမှု ပိုမိုများပြားသည်။ ဖြစ်နိုင်က အစာကျန်များကို ပွက်ပွက်ဆူအောင်ပြုတ်၍ အအေးခံပြီးမှ ကျွေးလျှင် ရောဂါဖြစ်ပွားမှု လျော့ကျစေနိုင်မည်ဖြစ်သည်။

ဝက်နားရွက်ပြာ ရောဂါ ကာကွယ်ရေးနှင့် ပတ်သက်၍ ကာကွယ်ဆေးထိုး၍ ရသည်။ သို့သော် ကာကွယ်ဆေးသည် ဖော်စပ်ထားသည့် ဗိုင်းရပ်စ်မျိုးကွဲတစ်ခုတည်းကိုသာ ကာကွယ်ပေးနိုင်ပြီး ပိုးမျိုးကွဲဝင်ရောက်လာပါက ကာကွယ်မှုမပေးနိုင်ပါ။ ၎င်းပြင် ကာကွယ်ဆေးထိုးပြီး ရရှိသည့် ရောဂါတုံ့ပြန်မှုသည် (နှစ်-သုံး) လသာ ရောဂါကာကွယ်ပေးနိုင်သည်။ ပိုးအရှင်သုံး ကာကွယ်ဆေးထိုးထားသည့် ဝက်များသည် ဗိုင်းရပ်စ်ပိုး အရှင်များ ပြန်လည် စွန့်ထုတ်တတ်သည်။ ကာကွယ်ဆေး ထိုးခြင်းဖြင့် မျိုးဝက်များတွင် သားလျှောတတ်သည်။ သို့ဖြစ်၍ ကာကွယ်ဆေးအသုံးပြုမှုကို အပြည်ပြည်ဆိုင်ရာ ကျွမ်းကျင်သူများနှင့် ညှိနှိုင်းဆောင်ရွက်ဆဲ ဖြစ်ပါသည်။

ဝက်မွေးမြူရေးလုပ်ငန်း အပါအဝင် မည်သည့်မွေးမြူရေးလုပ်ငန်းတွင်မဆို စနစ်တကျ သင့်လျော်သည့် ခြံဆောက်၍ မွေးမြူရန် လိုအပ်သည်။ ပြည်သူလူထု၏ ကျန်းမာရေးသည် တိရစ္ဆာန်များ၏ ကျန်းမာရေးနှင့် ကူးစက်ရောဂါကင်းရှင်းရေးအပေါ်တွင် များစွာမူတည်နေသည်။ လူတွင်ဖြစ်ပွားသောရောဂါများ၏ ၆၀ ရာခိုင်နှုန်းသည် တိရစ္ဆာန်ရောဂါများမှ တစ်ဆင့် ကူးစက်သည်ဟု ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့ (OIE) က တင်ပြထားသည်။ သို့ဖြစ်၍ စနစ်တကျ ခြံဆောက်၍ မွေးရန်လိုသည်။ ခြံများကို သန့်ရှင်းရေး စနစ်တကျလုပ်၍ ခြံဖျန်းပိုးသတ်ဆေးဖျန်းသင့်သည်။ အာဟာရပြည့်ဝသည့် အစာ၊ သန့်ရှင်းသည့် သောက်ရေ တိုက်ကျွေးရန် လိုအပ်သည်။ သို့မှသာ မွေးမြူရေးဖြစ်ထွန်းအောင်မြင်မည် ဖြစ်သကဲ့သို့ လူသားများအတွက် ဘေးအန္တရာယ်ကင်းရှင်းသည့် အစာ (Safety Food) ထုတ်လုပ်သော မွန်မြတ်သည့် လုပ်ငန်းတစ်ခု ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

ဝက်နားရွက်ပြာရောဂါနှင့် ပတ်သက်၍ အသိပညာပေးဟောပြောပွဲကို ဧပြီ ၁၉ရက်က နေပြည်တော်ခရိုင် ပျဉ်းမနားမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၌ ကျင်းပစဉ်။

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန
မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန
ဝက်နားရွက်ပြာရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ
နှိုးဆော်ချက်

မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် နေပြည်တော်ကောင်စီနယ်မြေတို့ရှိ မြို့နယ်အချို့တွင် ဝက်နားရွက်ပြာရောဂါဖြစ်ပွား၊ သေဆုံးမှုရှိသဖြင့် ရောဂါကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

၁။ ရောဂါဖြစ်ပွားမှုကို မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန သို့မဟုတ် သက်ဆိုင်ရာအာဏာပိုင်သို့ အမြန်အကြောင်းကြားပါ။
၂။ နာမကျန်းဝက်များကို သီးသန့်ခွဲခြားထားပါ။ ယင်းခြံရှိဝက်နှင့် ဝက်ထွက်ပစ္စည်းများ ရွှေ့ပြောင်းသယ်ဆောင်ရောင်းချမှု လုံးဝမပြုလုပ်ရ။
၃။ သေဆုံးသည့်ဝက်များအား ရောင်းချခြင်း၊ စားသုံးခြင်းမပြုရ။
၄။ သေဆုံးသည့်ဝက်များကို ရေမျှောခြင်း၊ အမှိုက်ပုံ၊ ရေမြောင်းများအတွင်း စွန့်ပစ်ခြင်းမပြုရ။ စနစ်တကျမြေမြှုပ်၍ မွေးမြူရေးလုပ်ငန်းသုံး ပိုးသတ်ဆေးဖျန်းပါ။
၅။ ရောဂါဖြစ်ပွားသောခြံနှင့် ပတ်ဝန်းကျင်တွင် သန့်ရှင်းရေးနှင့် ပိုးသတ်သန့်စင်ရေးလုပ်ငန်းများ ဆောင်ရွက်ပါ။
၆။ ဝက်သားဝယ်ယူစားသုံးမှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေးများတွင် ရောင်းချနေသော ဆိုင်များမှသာ ဝယ်ယူစားသုံးကြရန်။
၇။ ကျန်းမာသောဝက်များအား ဝယ်ယူသယ်ဆောင် ရောင်းချလိုပါက မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ ကျန်းမာကြောင်း ထောက်ခံချက် ရယူဆောင်ရွက်ပါ။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန

ရုပ်မြင်သံကြားအစီအစဉ်

၁၀း၅၀	ကူညီဒါနကုသိုလ်မှု… ပုညသဟာယ
၁၁း၀၅	ပန်းချီပြခန်း (April Time)
၁၁း၂၀	Activities in the City (ကန့်လန့်ကာကြီးဖွင့်ပါဦး ဗီဒီယိုဇာတ်ကားကန်တော့ပွဲ ပေးပွဲအခမ်းအနား)
၁၁း၄၀	ဟိုတယ်လမ်းညွှန် (Hotel Ace Chaung Tha Beach)
၁၂း၁၅	ဒါနကုသိုလ်ပြုကြရာဝယ်…
၁၂း၂၅	ဘဒ္ဒန္တဒေါက်တာနန္ဒမာလာဘိဝံသ သက်တော်(၇၁)နှစ်ပြည့် မွေးနေ့အမှတ်တရ ဂုဏာပူဇာ
၁၂း၄၀	မင်္ဂလာတိုက် (မော်ဘီ)၏ သုမင်္ဂလဝိလာသိနီမွှေ့ရုံ ရေစက်ချအလှူတော်မင်္ဂလာ
၁း၀၀	**နာတာသီရိုနဲ့ ဝိပဿနာ မဖြစ်ဘူး** တရားတော် (ဆရာတော် ဘဒ္ဒန္တ ဒေါက်တာ စန္ဒာဝရာဘိဝံသ)
၂း၀၀	MRTV-4 သတင်း
၂း၂၀	Goals of the Week
၂း၅၀	ပညာအလင်းနှင့် ယုံကြည်မှုတို့ အပ်နှင်းရာ… ပြင်ဦးလွင်စိုးစံမှာ
၃း၀၅	အလုံသင်္ဘောကျင်း၏ တစ်နေ့တာ လုပ်ငန်းဆောင်တာများ
၃း၂၅	ရန်ကုန်မြင်ကွင်းကျယ် [အထက (၃) ကြည့်မြင်တိုင် ကျောင်း၏ စုပေါင်းသိက္ခာထပ် ရဟန်းခံရှင်ပြုအလှူတော်မင်္ဂလာ]
၃း၄၅	(၅)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ နက္ခတ်ဗေဒင်ဆိုင်ရာ ဘွဲ့နှင်းသဘင် အခမ်းအနား
၄း၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၄၇)
၄း၅၅	Movie Talk (ဒါရိုက်တာ ကြည်စိုးထွန်း၊ အကယ်ဒမီ - ဦးအောင်ခိုင်) (အပိုင်း-၄)
၅း၃၀	ဂဏန်းသချာ် ပျော်စရာ (အပိုင်း-၉)
၆း၀၀	MRTV-4 သတင်း
၆း၂၀	မန္တလေးမြို့မှ တိတ်ဆိတ်ခြင်း၏ ခွန်အားသစ်များ
၆း၄၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းအတွက်ဆိုရင်** (အပိုင်း-၉၀)
၇း၃၀	ဖက်ရှင်လမ်းညွှန် (Aroma ရဲ့ 2011 Wedding Dress)
၈း၀၀	MRTV-4 သတင်း
၈း၂၅	**Barclays Premier League (Sunderland Vs Fulham)**
၁၀း၂၅	Kid's Show
၁၀း၅၅	**Barclays Premier Legue (Chelsea Vs Tottenham)**
၁၂း၅၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၄၈)
၁း၄၅	လုံခြုံစိတ်ချမိခင်ဘဝ (ပါမောက္ခ ဒေါက်တာမြင့်မောင်မောင်)
၂း၀၅	**ရင်နှစ်ပန်းတို့လန်းစေချင်** ဖြိုးငွေစိုး၊ မိုးယုစံ၊မျိုးသန္တာထွန်း၊ ခင်စိုးပိုင်၊ အေးသီတာ [ဒါရိုက်တာ-သိန်းဟန် (ဖိုးနစ်)]
၂း၁၅	ဆည်မြောင်းရဲ့ အားမာန်… ပြိုင်းချောင်းရေလှောင်တမံ
၂း၂၅	ရသစုံလင်စိမ်းလဲ့တင်ရဲ့ ပျိုးဥယျာဉ်
၂း၅၀	သူတို့ပြောတဲ့သူတို့အကြောင်း (သုံးထပ်ကွမ်းအကယ်ဒမီ ခင်သီတာထွန်းနှင့် တွေ့ဆုံခြင်း)
၃း၀၅	World of Knowledge (Seconds Form Disaster Meltdown in Chemobyl)
၄း၀၀	သုဝဏ္ဏဘူမိမြို့ဟောင်းမှ ကြည်ညိုဖွယ်မြော် ကျိုက်တလန်းစေတီတော်
၄း၃၀	မပြုမပြင် သဘာဝအသွင် ကျန်းမာရေးအတွက် မြကျောက်ရေစင်
၄း၄၀	ယွန်းအနုပညာတစ်ခု၏ ဖြစ်တည်ရာ

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်းများ
၈း၂၅	West Bromwich- Aston Villa	ESPN(Live)
	Sunderland- Fulham	Star Sports (Live)
၁၀း၅၅	Chelsea-Tottenham	ESPN (Live)
၁၁း၀၀	Blackpool- Stoke City	Star Sports(SDD)

နိုင်ငံတကာ ဂီတ နိုင်ငံတကာ ဂီတ နိုင်ငံတကာ ဂီတ နိုင်ငံတကာ ဂီတ နိုင်ငံတကာ ဂီတ နိုင်ငံတကာ ဂီတ

ဂျိမ်းစ်ဘွန်းဇာတ်ကား တေးရေးဆရာ ပို့စ်တူးမတ်စ် အကောင်းဆုံးဂီတဆုရရှိ

မြင့်အောင်စိုး စုစည်းသည်



လန်ဒန် ဧပြီ ၂၉

ပို့စ်တူးမတ်စ် (ဝဲပုံ) အကောင်းဆုံးဂီတဆုကို ဂျိမ်းစ်ဘွန်းဇာတ်ကား တေးရေးဆရာ ဂျွန်ဘာရီက ရရှိသွားသည်။ ယင်းဆုကို လာမည့်မေလတွင် ပေးမည်ဖြစ်သည်။ သို့သော် ဇန်နဝါရီလက သူကွယ်လွန်ခဲ့ပြီဖြစ်ရာ သူ့ဇနီး လောရီဘာရီ တက်ရောက် ဆုလက်ခံယူမည်ဖြစ်သည်။

ဂျွန်သည် အထူးချွန်ဆုံးတေးဂီတဆုဖြင့် ဂုဏ်ပြု ထိုက်သူ တစ်ဦးဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ဂုဏ်ယူ ဝမ်းမြောက်မိကြောင်း ဇနီးဖြစ်သူ ဘာရီက ပြောကြားသည်။

ရေးသားပေး

ဂျွန်ဘာရီသည် ဂျိမ်းစ်ဘွန်းဇာတ်ကား ၁၁ကား၊ ဘွန်ဖရီးနှင့် မစ်နိုက်(တ်)ကောင်းဘွိုင် ဇာတ်ကားများအပါ အဝင် ရုပ်ရှင်ဇာတ်ကားပေါင်း ၁၀၀ကျော်အတွက် နောက်ခံ သီချင်းများ ရေးသားပေးခဲ့သူဖြစ်သည်။

အဆိုပါ ဆုပေးပွဲကို လာမည့်မေလ ၁၂ရက်တွင် လန်ဒန်မြို့ ရှိုင်ရယ်အယ်လ်ဘတ် ခန်းမကြီး၌ ကျင်းပမည် ဖြစ်ကြောင်း သိရသည်။ ယင်းဆုကို ၂၀၀၀ပြည့်နှစ်က နားထားရာမှ ယခုပထမဆုံးအကြိမ်အဖြစ်ပြန်လည် ကျင်းပ ခြင်းဖြစ်သည်။ ၄င်းခန်းမ၌ဇွန်လတွင် ဂျွန်ဘာရီအမှတ်တရ ကပွဲလည်းကျင်းပရန် စီစဉ်ထားကြောင်းသိရသည်။

(အင်တာနက်)

အက်ဖ်အေဖလားသီချင်း နိုးလ်ဂါလ်လာဂျာ ရေးပေးမည်

လန်ဒန် ဧပြီ ၂၉

မန်စီးတီးနှင့် စတုတ်တို့ ယှဉ်ပြိုင်ကစားမည့် အက်ဖ်အေဖလားဗိုလ်လုပွဲအတွက် ဂုဏ်ပြုသီချင်းကို ဂီတာ ပညာရှင် နိုးလ်ဂါလ်လာဂျာက ရေးသားပေးသွားမည်ဖြစ်ကြောင်း ၄င်း၏တီးဝိုင်းအဖွဲ့က ပြောကြားသည်။

အိစ်လန်းကလပ် တီးဝိုင်းက အဆိုပါပြိုင်ပွဲအတွက် သီချင်းကို မကြာမီ တီးခတ်လေ့ကျင့်ရန် ပြင်ဆင် ထားကြောင်း အိုအေစစ်တီးဝိုင်းခေါင်းဆောင်ဟောင်း နိုးလ်ဂါလ်လာဂျာက ပြောကြားသည်။ **(ယာပုံ)**

လာမည့် မေ ၁၅ ရက်တွင် ယှဉ်ပြိုင်မည့် အဆိုပါ ဗိုလ်လုပွဲအတွက် ၄င်းသီချင်းကို သီဆိုရန် ဝေလ အဆိုတော် တွန်ဂျုံးစ်နှင့် ဆွေးနွေးလျက်ရှိကြောင်း သိရသည်။ **(အင်တာနက်)**

အကောင်းဆုံး ကန်းထရီးတေးဂီတဆု အောဒီယန်ဆွတ်ခူး

တင်နက်ဆီ ဧပြီ ၂၈

ကန်းထရီးတေးဂီတစတား ဂျက်ဆင်အောဒီယန်သည် CMT မျိုးဇစ်ဆုလေးဆုလက်ခံရယူရန် ပဏာမရွေးချယ် ခံထားရသည်။ ယင်းဆုမှာ အမေရိကန်တေးဂီတ ထူးချွန်ဆု တစ်မျိုးဖြစ်ပြီး ကန်းထရီးမြူးဇစ်တယ်လီဗွီးရှင်း (Country Music Television)ဆုဖြစ်သည်။အဆိုတော် အောဒီယန်သည် My Kinda Party ဗီဒီယို သီချင်းခွေ ဖြင့် အကောင်းဆုံး ဗီဒီယိုသရုပ်ဆောင်ထူးချွန်ဆုနှင့် အကောင်းဆုံးအမျိုးသား အဆိုတော် ထူးချွန်ဆုများ ဆွတ်ခူးရန် ရေပန်းစားနေသူ ဖြစ်သည်။ **(အပေါ်ပုံ)**

ရွေးချယ်

ယခုနှစ် ချီးမြှင့်မည့် CMT ဆုမှာ(၁၀)ကြိမ်မြောက် ပေးအပ်သည့်ဆုဖြစ်သည်။ ဆုအမျိုးအစားပေါင်း ၁၀ဆု ချီးမြှင့်မည်ဖြစ်ရာ ပရိသတ်များအနေဖြင့် ၄င်း၏ CMT ဝက်ဆိုက်ဘ်မှတစ်ဆင့် ဆန္ဒမဲပေးရွေးချယ်နိုင်ကြောင်း သိရသည်။ လာမည့်ဇွန် ၈ရက်တွင် အကောင်းဆုံး ဗီဒီယိုဆုသရုပ်ဆောင် ထူးချွန်ဆုအတွက်ရွေးချယ်ပေးကြ မည်ဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

အဆိုတော် မာရိုင်းကာရေး အမြွှာပူးကိုယ်ဝန်ဆောင်

လော့စ်အိန်ဂျလိစ် ဧပြီ ၂၉

အမေရိကန်နာမည်ကြီး အဆိုတော်တစ်ဦးဖြစ်သည့် မာရိုင်းကာရေး(ဝဲပုံ)သည် ကလေး အမြွှာပူးမွေးဖွားရန် ကိုယ်ဝန်ဆောင်ထားကြောင်း Life & Style မဂ္ဂဇင်းကဖော်ပြသည်။

ပျော်ရွှင်မိ

အမြွှာပူး မွေးဖွားရန် ခက်ခဲမည်ဖြစ်သော်လည်း တစ်ကြိမ်တည်းတွင် သားနှင့်သမီး မွေးဖွား မည်ဆိုပါက သူမအနေဖြင့် ပျော်ရွှင်မိကြောင်း ကာရေးကပြောကြားသည်။

အဆိုတော် ကာရေးသည် ယခုနှစ်အတွင်း သားနှင့်သမီး တစ်ပြိုင်တည်းမွေးဖွားရန် မျှော်လင့် ထားကြောင်း ခင်ပွန်းဖြစ်သူ နစ်ကာနွန်က ပြောကြားသည်။ **(အင်တာနက်)**

နိုင်ငံတကာ ရုပ်ရှင် နိုင်ငံတကာ ရုပ်ရှင် နိုင်ငံတကာ ရုပ်ရှင် နိုင်ငံတကာ ရုပ်ရှင် နိုင်ငံတကာ ရုပ်ရှင် နိုင်ငံတကာ ရုပ်ရှင်

ဆွီဒင်ရုပ်ရှင်ဇာတ်ကား She Monkeys တီရီဘီကာရုပ်ရှင်ပွဲတော်၌ အကောင်းဆုံးဆုရရှိ

မိုးမြင့်လင်းလက် ✦ စုစည်းသည်

နယူးယောက် ဧပြီ ၂၉

(၁၀)ကြိမ်မြောက် တီရီဘီကာ ရုပ်ရှင်ပွဲတော်၏ ဆုပေးပွဲအခမ်းအနားကို ဧပြီ ၂၈ရက် ညက နယူးယောက်မြို့၌ ကျင်းပခဲ့ရာ ဆွီဒင်ရုပ်ရှင်ဇာတ်ကား She Monkeys က အကောင်းဆုံး ရုပ်ရှင်ဇာတ်ကားဆုရရှိခဲ့သည်။

၄င်းရုပ်ရှင် ဇာတ်ကားကို ဒါရိုက်တာ လီဆာအက်ချန်က ဒါရိုက်တာအဖြစ် ပထမဆုံးရိုက်ကူး ခဲ့သည့် ဇာတ်ကားဖြစ်သည်။ ဆယ်ကျော်သက် မိန်းကလေးနှစ်ဦးတို့ အကြား အပြန်အလှန်ခင်မင်ရင်းနှီး သံယောဇဉ်ကို အခြေခံပြီး ရိုက်ကူး ထားခြင်းဖြစ်သည်။ တစ်ဖန် BomBay Beach ဇာတ်ကားမှာ အကောင်းဆုံး သတင်းမှတ်တမ်းကား ဆုရရှိခဲ့သည်။ အကောင်းဆုံးအမျိုးသားဇာတ်ဆောင်ဆုကို Grey Matter ဇာတ်ကားမှ Shami Bizimana ရရှိခဲ့သည်။

ထို့အပြင် အကောင်းဆုံးအမျိုးသမီးဇာတ်ဆောင်ဆုကို Black Butterflies ဇာတ်ကားမှ ကာရေ့ဗင်ဟူတန်(ဝဲပုံ)က ရရှိခဲ့သည်။ (အင်တာနက်)

ချွဲဂျီဝူး၏ 1 Night 2 Days ဇာတ်လမ်းတွဲပြသမည်

ဆိုးလ် ဧပြီ ၂၉

တောင်ကိုရီးယား ရုပ်ရှင်မင်းသမီး ချွဲဂျီဝူးပါဝင် သရုပ်ဆောင်ထားသည့် 1 Night 2 Days ရုပ်မြင်သံကြားဇာတ်လမ်းတွဲကို လာမည့်မေလဆန်းတွင် တောင်ကိုရီးယားနိုင်ငံတစ်ဝန်း၌ ထုတ်လွှင့်ပြသတော့မည် ဖြစ်သည်။

ကြည့်ရှုခံစား

၄င်းရုပ်မြင်သံကြားဇာတ်လမ်းတွဲကို ကေဘီအက်စ် ရုပ်မြင်သံကြားလိုင်းက ထုတ်လွှင့်မည်ဖြစ်ပြီး ချွဲဂျီဝူး (ယာပုံ)၏ ထူးခြားသော သရုပ်ဆောင်မှုများကို ပရိသတ်များ ကြည့်ရှုခံစားကြရမည်ဖြစ်သည်။

အသက် ၃၆နှစ်ရှိပြီဖြစ်သော ချွဲဂျီဝူးသည် အသက် ၂၀အရွယ်ကပင် War and Love ရုပ်ရှင်ဇာတ်ကားဖြင့် အောင်မြင်ခဲ့သူဖြစ်သည်။ ရုပ်မြင်သံကြားဇာတ်လမ်းတွဲများစွာ၌ ပါဝင်သရုပ်ဆောင်ခဲ့ပြီး The Hole ၊ First Kiss ၊ Now and Forever ရုပ်ရှင်ဇာတ်ကားများ၌လည်း လူကြိုက်များခဲ့သည်။

(အင်တာနက်)

ဇာတ်ကားသစ်ရိုက်ကူးမည့် အိန္ဒိယသရုပ်ဆောင် ရှန်နာကာဆမ်

နယူးဒေလီ ဧပြီ ၂၉

အိန္ဒိယနိုင်ငံမှ ဘောလိဝုဒ် ရုပ်ရှင်သရုပ်ဆောင် ရှန်နာကာဆမ်(ဝဲပုံ)သည် လာမည့်မေလ၌ ဒရာမာရုပ်ရှင် ဇာတ်ကားသစ်တစ်ကား၌ ပါဝင် သရုပ်ဆောင်မည်ဖြစ် သည်။ ယင်းရုပ်ရှင်ဇာတ်ကားတွင် အိန္ဒိယအမျိုးသား သရုပ်ဆောင်သစ်တစ်ဦးနှင့် ပူးတွဲသရုပ်ဆောင်ရမည် ဖြစ်သည်။

အကကောင်းသော ရုပ်ရှင်မင်းသမီးတစ်ဦးဖြစ်သူ ရှန်နာကာဆမ်သည် မကြာမီကာလတွင် သရုပ်ဆောင်နှင့် အကပညာဆိုင်ရာသင်တန်းများ ဖွင့်လှစ်နိုင်ရန်လည်း အစီအစဉ်ရှိနေသူ ဖြစ်သည်။

အိန္ဒိယရုပ်ရှင်လောကတွင် အကမင်းသမီးတစ်ဦး အဖြစ် လူသိများပြီး ၂၀၀၄ ခုနှစ်မှအနုပညာနယ်ပယ်သို့ စတင်ခြေချကတည်းက သူမ၏သရုပ်ဆောင်မှုနှင့်အက များကို ပရိသတ်များနှစ်ခြိုက်အားပေးခဲ့ကြသည်။ ရှန်နာကာဆမ်၏ အကြိုက်ဆုံး အနှစ်သက်ဆုံးမှာ အနက်ရောင်နှင့်တွဲဖက်တန်ဆာဆင်ထားသော အဝတ်အစားများ ဖြစ်သည်။ သူမအနေဖြင့် မကြာမီပါဝင် သရုပ်ဆောင်ရမည့် ဇာတ်ဝင်ခန်းများအတွက် လေ့ကျင့်နေပြီး အိန္ဒိယနိုင်ငံ၏ လူမှုရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်လျက်ရှိသည်။

ရှန်နာကာဆမ်သည် ၂၀၁၁ ခုနှစ်အတွင်း၌ Kulai Thozhil နှင့် Naran ရုပ်ရှင်ဇာတ်ကားများ ဆက်လက် ရိုက်ကူးလျက်ရှိကြောင်း သိရှိရသည်။ ***(အင်တာနက်)***

နီပေါ နိုင်ငံတကာရုပ်ရှင်ပွဲတော် ရုပ်ရှင်ဇာတ်ကား ၄၂ ကား ပါဝင်ဆင်နွှဲ

ခတ္တမန္ဍူ ဧပြီ ၂၉

(၅)ကြိမ်မြောက် နီပေါနိုင်ငံတကာရုပ်ရှင်ပွဲတော်ကို ခတ္တမန္ဍူ မြို့၌ ဧပြီ၂၅ရက်မှ စတင်ကျင်းပလျက်ရှိသည်။

ယခုရုပ်ရှင်ပွဲတော်သို့ ကမ္ဘာ့နိုင်ငံပေါင်း ၂၀မှ ရုပ်ရှင် ဇာတ်ကား ၄၂ကား ပါဝင်ဆင်နွှဲပြသကြသည်။ အထူးသဖြင့် ဟောလိဝုဒ်နှင့် ဘောလိဝုဒ်တို့မှ ရုပ်ရှင်ဇာတ်ကားများပါဝင်သည်။ ယင်းရုပ်ရှင်ပွဲတော်သို့ ဩစတြေးလျ၊ ဘရာဇီး၊ ကမ္ဘောဒီးယား၊ ကနေဒါ၊ ဖင်လန်၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ အီတလီ၊ မက္ကဆီကို၊ နီပေါ၊ နယူးဇီလန်၊ နော်ဝေ၊ ပါလက်စတိုင်း၊ ပီရူး၊ ဆွီဒင်၊ ရုရှား၊ ဗီယက်နမ်နှင့် အမေရိကန်တို့မှ ဇာတ်ကားများပါဝင်ပြသ လျက်ရှိသည်။ **(အင်တာနက်)**



ရိုင်ယန်ဂစ်သည် မန်ယူအတွက် အဓိကကစားသမားဖြစ်နေဆဲ

လန်ဒန် ဧပြီ ၂၉

မန်ယူအသင်း၌ တောင်ပံကစားသမား ရိုင်ယန်ဂစ်သည် အဓိကကစားသမားအဖြစ် ဆက်လက်တည်ရှိနေမည်ဖြစ်ကြောင်း၊ ၎င်းအနေဖြင့် မန်ယူတွင် ကစားနေခြင်းသည် အသင်းအတွက် ကြီးမားသော အထောက်အပံ့ကိုဖြစ်စေကြောင်း နည်းပြဖာဂူဆန်က ဧပြီ ၂၈ရက်၌ ထုတ်ဖော်ပြောကြားသည်။

စွမ်းဆောင်ပေး

အသက် ၃၇နှစ်အရွယ်ရှိနေပြီဖြစ်သည့် ရိုင်ယန်ဂစ်**(အပေါ်ပုံ)**သည် ယခုနှစ်ချန်ပီယံလိဂ်အကြိုဗိုလ်လုပွဲ ပထမအကျော့ပွဲစဉ်တွင် ပွဲချိန် ၆၇မိနစ်၌ မန်ယူအတွက် အဖွင့်ဂိုးသွင်းယူပြီး အနိုင်ရရှိရေး စွမ်းဆောင်ပေးခဲ့သူဖြစ်သည်။

ရိုင်ယန်ဂစ်အား တစ်နှစ်သာ စာချုပ်ထပ်မံချုပ်ဆိုထားသော်လည်း ကြံ့ခိုင်နေဆဲဖြစ်သော ၎င်းအား မန်ယူတွင် ဆက်လက်ကစားစေမည်ဖြစ်ကြောင်း ဖာဂူဆန်က ပြောကြားသည်။ တောင်ပံကစားသမားများလိုအပ်နေသော မန်ယူအသင်းတွင် ရိုင်ယန်ဂစ်နေရာကို အစားထိုးရန် အခက်အခဲရှိနေကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ **(အင်တာနက်)**

မန်ယူတိုက်စစ်မှူး ရွန်နေနှင့်တစ်ခဏတာ

အာကာဟိန်း
စုစည်းသည်

လန်ဒန် ဧပြီ ၂၉

မန်ယူသည် ယခုနှစ်ဘောလုံးရာသီ၌ ပရီမီယာလိဂ်နှင့် ချန်ပီယံလိဂ် ဖလားများရယူရန် လက်တစ်ကမ်းအကွာသို့ ရောက်ရှိနေပြီဖြစ်သည်။ မန်ယူအသင်းဖလားများရရန် အဓိကစွမ်းဆောင်ပေးနေသူ တိုက်စစ်မှူးတစ်ဦးဖြစ်သည့် ရွန်နေအား မန်ယူအသင်းနှင့်ပတ်သက်ပြီး သတင်းထောက်များက လျှပ်တစ်ပြက်တွေ့ဆုံမေးမြန်းခဲ့ရာတွင် ....

မေး။ ။ မန်ယူရဲ့လက်ရှိအခြေအနေ အားရမှုရှိရဲ့လား။

ဖြေ။ ။ အကောင်းဆုံးအနေအထား ရောက်ရှိနေပါတယ်။ ကစားသမားတိုင်းလည်း ပရီမီယာလိဂ်ဖလားနဲ့ ချန်ပီယံလိဂ် ဖလားတွေရယူဖို့ စိတ်ဓာတ်ပြင်းထန်နေကြတယ်။

မေး။ ။ ချန်ပီယံလိဂ်ဖလားကို ကိုင်မြှောက်အောင်ပွဲခံဖို့ ပြင်ဆင်နေပြီလား။

ဖြေ။ ။ ဒါက စောပါသေးတယ်။ ကျွန်တော့်အနေနဲ့ ချန်ပီယံလိဂ်အကြိုဗိုလ်လုပွဲ ဒုတိယအကျော့အဖြစ် အိမ်ကွင်းမှာကစားတဲ့အခါ အနိုင်ရဖို့အတွက်နဲ့ ဂိုးသွင်းနိုင်ရေးအတွက်ပဲ လောလောဆယ် အာရုံစိုက်နေပါတယ်။

မေး။ ။ ရှော်လ်ကေးအသင်းဟာ ခက်ခဲတဲ့ပြိုင်ဘက်လို့ ယူဆပါသလား။

ဖြေ။ ။ ချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲအထိ တက်လာတဲ့အသင်းတွေဟာ သာမန်ခြေစွမ်းမဟုတ်ပါဘူး။ ကျွန်တော်တို့ အလေးအနက်ထားပြီး ကစားရမှာပါ။

မေး။ ။ ချန်ပီယံလိဂ်နောက်ဆုံး ဗိုလ်လုပွဲမှာ ဘာစီလိုနာနဲ့ရင်ဆိုင်ရတဲ့အခါ ဘယ်လိုခံစားရပါသလဲ။

ဖြေ။ ။ ဘာစီလိုနာအသင်းဟာ ခြေစွမ်းထက်မြက်တဲ့ ဘောလုံးသမားတွေ စုစည်းထားတဲ့အသင်းပါပဲ။ မန်ယူနဲ့ အကြိမ်ကြိမ်တွေ့ဆုံကစားခဲ့ဖူးတဲ့ ပြိုင်ဘက်ကောင်းတွေ ဖြစ်ပါတယ်။ မန်ယူဟာ လက်ရှိအချိန်မှာ အကောင်းဆုံးခြေစွမ်းရရှိနေတဲ့ အသင်းဖြစ်တာမို့ ချန်ပီယံလိဂ်နောက်ဆုံးဗိုလ်လုပွဲဟာ တကယ့်ကိုအကြိတ်အနယ်ရှိမယ့် ပွဲကောင်းတစ်ပွဲဖြစ်လာမှာပါ။

မေး။ ။ ချန်ပီယံလိဂ်ဖလားအတွက် ယုံကြည်မှုအပြည့်ရှိနေပြီလား။

ဖြေ။ ။ အမှန်ပေါ့ဗျာ။ **(အင်တာနက်)**

ယူအီးအက်ဖ်အေ အကြိုဗိုလ်လုပွဲ ပထမအကျော့ ပေါ်တိုအနိုင်ရ

လစ္စဘွန်း ဧပြီ ၂၉

ယူအီးအက်ဖ်အေဖလား အကြိုဗိုလ်လုပွဲ ပထမအကျော့ပွဲစဉ်အဖြစ် ပေါ်တိုနှင့် ဗီလာရီးရဲအသင်းတို့ ဧပြီ ၂၈ ရက်က ယှဉ်ပြိုင်ကစားခဲ့ရာ ပေါ်တိုက ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ပေါ်တိုကွင်း၌ကစားသော ယခုပွဲတွင် ပေါ်တိုတိုက်စစ်မှူး ဖာလ်ကာအို ခြေစွမ်းပြပြီး ပေါ်တိုအတွက် ဂိုးများသွင်းယူပေးခဲ့သည်။ ဧည့်သည် ဗီလာရီးရဲအတွက် တစ်လုံးတည်းသောသွင်းဂိုးကို ပွဲချိန် ၄၅ မိနစ်၌ ကာနီက ခေါင်းတိုက်သွင်းယူပေးခဲ့သည်။ သို့သော် ဒုတိယပိုင်းပွဲချိန်အစ၌ပင် ပေါ်တိုတိုက်စစ်မှူး ဖာလ်ကာအိုက ချေပဂိုးသွင်းယူပေးခဲ့သည်။ ထို့နောက် ပေါ်တိုအတွက် အနိုင်ဂိုးများကို ဖာလ်ကာအိုက သုံးဂိုးသွင်းယူပေးခဲ့ပြီး ဟူလ်က တစ်ဂိုးသွင်းယူပေးခဲ့သည်။ ယခုပွဲ၌ ဖာလ်ကာအိုတစ်ဦးတည်း လေးဂိုးသွင်းယူနိုင်ခဲ့သည်။ ***(အင်တာနက်)***

မောင်ချစ်ကြည် – စုစည်းသည်

အားကစားသတင်းအတိုအထွာ

❑ *ချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲ ပထမအကျော့ပွဲစဉ်တွင် အိမ်ကွင်း၌ ဘာစီလိုနာအသင်းကို နှစ်ဂိုးပြတ်ရှုံးနိမ့်ခဲ့ခြင်းမှာ ကွင်းလယ်ဒိုင်လူကြီးနှင့် စည်းကြပ်ဒိုင်များက ဘာစီလိုနာအသင်းကို မျက်နှာသာပေးခဲ့၍ဖြစ်ကြောင်း ရီးရဲမက်ဒရစ်နည်းပြမော်ရင်ဟိုက ထုတ်ဖော်ပြောကြားသည်။*

❑ *ရှော်ကေးလ်အသင်းဂိုးသမား မန်နူရယ်နူအာအား ရာသီကုန်၌ ထုတ်ရောင်းမည်မဟုတ်ကြောင်း၊ ရှော်ကေးလ်အသင်းအတွက် လိုအပ်နေဆဲ ဂိုးသမားဖြစ်ကြောင်း ရှော်ကေးလ်ကလပ်က ဧပြီ ၂၉ရက်၌ သတင်းထုတ်ပြန်သည်။*

❑ *မန်ယူအတွက် အချိန်ကာလရှည်စွာ ဂိုးမသွင်းနိုင်ခဲ့၍ တာဝန်မကျေခဲ့သည့်အတွက် ချန်ပီယံလိဂ်တွင် အောင်မြင်မှုများရရှိရန် ဂိုးများသွင်းပေးခြင်းဖြင့် တိုက်စစ်မှူးရွန်နေ ချေဖျက်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း နည်းပြဖာဂူဆန်က ထုတ်ဖော်ပြောကြားသည်။*

❑ *ဂီတာဖေးအသင်းအား လာမည့် နွေရာသီကာလ၌ ရောင်းချရန် ဆုံးဖြတ်လိုက်ပြီဖြစ်ကြောင်း၊ အရှေ့အလယ်ပိုင်းဒေသမှ အာရပ်စော်ဘွားသူဌေးများနှင့်ဆွေးနွေးမှုများ ပြုလုပ်ခဲ့ပြီးဖြစ်ကြောင်း ဂီတာဖေးကလပ်အုပ်ချုပ်ရေးအဖွဲ့က ဧပြီ ၂၉ ရက်၌ သတင်းထုတ်ပြန်သည်။*

❑ *မန်ယူကွင်းလယ်ကစားသမား နာနီအား ရီးရဲမက်ဒရစ်သို့ ပြောင်းရွှေ့ကစားစေလိုကြောင်း၊ အတွေ့အကြုံကောင်းများ ရရှိစေလို၍ဖြစ်ကြောင်း မန်ယူကစားသမားဟောင်းနှင့် ရီးရဲမက်ဒရစ်တောင်ပံတိုက်စစ်မှူး စီရိုနယ်ဒိုက ထုတ်ဖော်ပြောကြားသည်။*

❑ *ချန်ပီယံလိဂ်အကြိုဗိုလ်လုပွဲ ပထမအကျော့ပွဲစဉ်၌ ရီးရဲမက်ဒရစ်အသင်းအား နှစ်ဂိုးစလုံးသွင်းယူခဲ့သော ဘာစီလိုနာတိုက်စစ်မှူးမက်ဆီသည် ၂၀၁၁ခုနှစ် ဖီဖာအကောင်းဆုံး ဘောလုံးသမားဆုနှင့် ထိုက်တန်သူဖြစ်ကြောင်း ဥရောပဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများက ပြောကြားသည်။*

(အင်တာနက်)

လန်ဒန်အိုလံပစ်အားကစားပြိုင်ပွဲ ၂၀၁၂ အတွက် လက်မှတ်စောင်ရေ သန်း ၂၀ ကျော် ရောင်းချပြီးစီး

မြင့်မောင်စိုး စုစည်းသည်

လန်ဒန် ဧပြီ ၂၉

လန်ဒန်အိုလံပစ်အားကစားပြိုင်ပွဲ ပွဲစဉ်များအတွက် လူပေါင်း ၁ ဒသမ ၈ သန်းကျော်က လက်မှတ် သန်း ၂၀ ကျော် ဝယ်ယူထားပြီးဖြစ်ကြောင်း လန်ဒန် ၂၀၁၂ အိုလံပစ်အားကစားပွဲကျင်းပသူများက ဧပြီ ၂၇ ရက်တွင် ထုတ်ဖော်ပြောကြားသည်။

အဆိုပါ လက်မှတ်အရေအတွက်မှာ ဗြိတိန်အားကစားပရိသတ်များအတွက်ရနိုင်သော လက်မှတ်အရေအတွက် ၆ ဒသမ ၆ သန်းထက် သုံးဆကျော် ပိုများနေသည်ဟု ဆိုသည်။

ရောင်းချ

အားကစားနည်း အမျိုးအစား ၂၆ မျိုးတွင် ပြိုင်ပွဲပေါင်း ၅၆၀ ရှိသည့်အနက် ထက်ဝက်ကျော်ပြိုင်ပွဲများအတွက် လက်မှတ်များ ရောင်းချပြီးဖြစ်ကြောင်း သိရသည်။

မရောင်းရသေးသော လက်မှတ်များကို လာမည့် ဇွန်လနှင့် ဇူလိုင်လများတွင် ထပ်မံရောင်းချမည်ဖြစ်ကြောင်း၊ လန်ဒန်အိုလံပစ်အားကစားပွဲ ကျင်းပရေးကော်မတီက ပြောကြားသည်။

ကျင်းပမည်

အထူးသဖြင့် ပြေးခုန်ပစ်ပြိုင်ပွဲ၊ စက်ဘီးပြိုင်ပွဲ၊ ထရိုင်သလွန်ပြိုင်ပွဲ၊ မော်ဒန်ပန်သလွန်ပြိုင်ပွဲ၊ မြင်းစီးပြိုင်ပွဲနှင့် ဖွင့်ပွဲပိတ်ပွဲလက်မှတ်များအားလုံးရောင်းချပြီးသွားပြီဖြစ်သည်။ လန်ဒန်အိုလံပစ်အားကစားပြိုင်ပွဲ ၂၀၁၂ ကို လာမည့်နှစ် ဇူလိုင် ၂၇ ရက်တွင် ဖွင့်ပွဲကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဖွင့်ပွဲ၊ပိတ်ပွဲ ပွဲစဉ်များအတွက် လက်မှတ်များကို လျှောက်ထားကြရာတွင် ယူကေမှ ၉၅ ရာခိုင်နှုန်းရှိသည်။

ဥရောပ ၂၆ နိုင်ငံမှ ပရိသတ်များအတွက် အွန်လိုင်းမှတစ်ဆင့် ရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။ လန်ဒန်အိုလံပစ်အားကစားပြိုင်ပွဲ ၂၀၁၂ ဖွင့်ပွဲအခမ်းအနားအတွက် လက်မှတ်တစ်စောင်လျှင် အမေရိကန် ၃၃ ဒေါ်လာမှ အမြင့်ဆုံး အမေရိကန်ဒေါ်လာ ၃၃၂၀ အထိ ရှိကြောင်း သိရသည်။

(အင်တာနက်)

ဖွင့်ပွဲ ပိတ်ပွဲကျင်းပမည့် လန်ဒန်မြို့ရှိ အိုလံပစ်အားကစားကွင်းကို တွေ့ရစဉ်။

ပက်ကွိုင်အောနှင့်ရှိန်းမော့စ်လေ ဝယ်လ်တာဝိတ်တန်းချန်ပီယံခါးပတ်လုကြမည်

လပ်ဗီးဂက်စ် ဧပြီ ၂၉

*ဖိလစ်ပိုင်လက်ဝှေ့သမား မန်နီပက်ကွိုင်အော**(အပေါ်ဝဲပုံ)**နှင့် အမေရိကန်လက်ဝှေ့သမား ရှိန်းမော့စ်လေတို့သည် အမေရိကန်နိုင်ငံ လပ်ဗီးဂက်စ်မြို့၌ ဝယ်လ်တာဝိတ်တန်းချန်ပီယံခါးပတ်လုပွဲအဖြစ် လာမည့် သီတင်းပတ်တွင် ထိုးသတ်ကြလိမ့်မည်ဖြစ်ကြောင်း ကမ္ဘာ့လက်ဝှေ့အဖွဲ့ချုပ်က ပြောကြားသည်။*

ပက်ကွိုင်အောသည် လက်ဝှေ့ပြိုင်ပွဲပေါင်း ၅၂ ပွဲ ထိုးသတ်ခဲ့ရာတွင် သုံးပွဲသာအရှုံးရှိခဲ့သည်။ ယင်းတို့အနက် သရေနှစ်ပွဲနှင့် အလဲထိုးပွဲ ၃၈ ပွဲ ပါဝင်သည်။

အသက် ၃၂ နှစ်ရှိ ပက်ကွိုင်အောသည် လွန်ခဲ့သော ခြောက်နှစ်အတွင်း ပြိုင်ပွဲပေါင်း ၁၃ ပွဲ အနိုင်ရထားသူဖြစ်သည်။ ၎င်း၏ ရည်မှန်းချက်မှာ ပြီးခဲ့သည့်နှစ်မေလက မေဝဲသားအား အမှတ်ဖြင့်နိုင်ပြီး ရှုံးပွဲမရှိစံချိန်တင်ထားသော ရှိန်းမော့စ်လေအား အလဲထိုးအနိုင်ယူရန်ဖြစ်သည်။

ထိုးသတ်နိုင်သူ

အသက် ၃၉ နှစ်ရှိ အမေရိကန်လက်ဝှေ့သမား ရှိန်းမော့စ်လေသည် ၄၆ ပွဲထိုးခဲ့ရာတွင် ခြောက်ပွဲအရှုံးရှိခဲ့ဖူးသည်။ ယင်းတို့အနက် တစ်ပွဲသရေ၊ အလဲထိုး ၃၉ ပွဲ ထိုးသတ်နိုင်ခဲ့သူဖြစ်သည်။ လာမည့် မေ ၇ ရက်တွင် ထိုးသတ်မည့် ယင်းလက်ဝှေ့ပြိုင်ပွဲကြီးသည် လက်ဝှေ့ပရိသတ်များအတွက် ပွဲကြီးပွဲကောင်းဖြစ်လာနိုင်မည် ဖြစ်သည်။ ***(အင်တာနက်)***

အမြို့မြို့အနယ်နယ်၌ စာကြည့်တိုက်များဖွင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်း

နေပြည်တော် ဧပြီ ၂၉

ရောင်ခြည်သစ်စာကြည့်တိုက်အဆောက်အအုံသစ် မှော်ဘီမြို့နယ် မင်းရွာကျေးရွာ၌ဖွင့်

ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ်မင်းရွာကျေးရွာ၌ ရောင်ခြည်သစ်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို ဧပြီ ၂၈ရက် နံနက် ၉နာရီက အဆိုပါစာကြည့်တိုက်ရှေ့၌ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စိုးလွင်၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်ခင်သီတာဦးနှင့် မင်းရွာကျေးရွာအုပ်ချုပ်ရေးမှူး ဦးမျိုးညွန့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။(အောက်ပုံ)

အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်သီတာဦးက စာကြည့်တိုက်ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းကိုယ်စား မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးက သုတ၊ ရသစာအုပ်စာစောင် ၁၅၀ကို ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်မှူး ဒေါ်ညွန့်မြိုင်ကလည်းကောင်း၊ ဝေါလ်ဗွီးရှင်း(မှော်ဘီ) တာဝန်ခံတစ်ဦးက ငွေကျပ် ၂၆၅၀၀၀ တန်ဖိုးရှိ ပရိဘောဂပစ္စည်းများကို ပေးအပ်လှူဒါန်းရာ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမျိုးညွန့်ကလည်းကောင်း လက်ခံယူခဲ့ကြောင်း သိရှိရသည်။ (မြို့နယ် ပြန်/ဆက်)

ရွှေမင်းသားစာကြည့်တိုက်သို့ စာနယ်ဇင်းမျိုးစုံလှူ

ဖျာပုံမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့မှ ဖျာပုံမြို့နယ် သမိန်ထောကုန်းတန်းစံပြကျေးရွာ ရွှေမင်းသားစာကြည့်တိုက်သို့ စာနယ်ဇင်းမျိုးစုံ လှူဒါန်းပွဲကို ဧပြီ ၂၆ရက် နံနက် ၈နာရီက အဆိုပါစာကြည့်တိုက်၌ကျင်းပရာ အခမ်းအနားတွင် ဖျာပုံမြို့နယ် စာပေနှင့်စာနယ်ဇင်းဥက္ကဋ္ဌ ဦးအောင်ဝင်း (သတင်းထောက် အောင်ဝင်း-ဖျာပုံ)**(အပေါ်ပုံ)**၊ အတွင်းရေးမှူး သတင်းထောက် သူဇာနွယ်(ဖျာပုံ) နှင့် သတင်းထောက်-သောင်းညွန့် (ဖျာပုံ)တို့က စာနယ်ဇင်းမျိုးစုံကို လှူဒါန်းသဖြင့် ရွှေမင်းသားစာကြည့်တိုက်ဥက္ကဋ္ဌ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ကျော်က လက်ခံရယူခဲ့ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

စာကြည့်တိုက်များဖောင်ဒေးရှင်းသို့ စာအုပ်စာစောင်များလှူ

မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းလုပ်ငန်းများ အောင်မြင်စေရေးအတွက် စေတနာရှင် အလှူရှင်များက အလှူငွေနှင့် စာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ လှူဒါန်းရာတွင် ဧပြီ ၂၆ရက်က အလှူရှင် ဗိုလ်မှူးကြီးစောမြင့်(ငြိမ်း) မှူးသမိန်(ယီမ်းနွဲ့ပါး)က ငွေကျပ် ၁၂၂၅၀၀၀ တန်ဖိုးရှိ မဟာသီမဂ္ဂဇင်းအုပ်ရေ ၄၀၀နှင့် ဂျာနယ်မျိုးစုံ စာစောင် ၄၅၀၊ ဦးစံမောင်(မြတ်ရျာန်)-ဒေါ်အုန်းကြည်က ငွေကျပ် ၁၀၅၀၀၀၀ တန်ဖိုးရှိ သုတစာအုပ် ၃၀၀၊ ဒေါ်ခင်ခင်ဝင်း(ကလျာ-ဝိဇ္ဇာ/သိပ္ပံ) ကလျာမဂ္ဂဇင်းနှင့် အော့ဖ်ဆက်လုပ်ငန်းက ငွေကျပ် ၆၁၀၀၀၀ တန်ဖိုးရှိ မဂ္ဂဇင်း ၂၇၅ အုပ်နှင့် ဝတ္ထု ၆၀ တို့ကို ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးမောင်မောင်နှင့် ဒုတိယဥက္ကဋ္ဌ ဦးညွန့်ဆွေတို့က လက်ခံယူပြီး ဂုဏ်ပြုလွှာများ ပြန်လည်ပေးအပ်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသို့ အလှူငွေနှင့် စာအုပ်စာစောင်များလှူဒါန်းနိုင်

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသည် ပြည်သူများ အသိပညာ ဗဟုသုတ မြင့်မားလာစေရေးနှင့် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အားပေးကူညီဆောင်ရွက်လျက်ရှိရာ စေတနာရှင်၊ အလှူရှင်များအနေဖြင့် အလှူငွေနှင့် စာအုပ်စာစောင်များ လှူဒါန်းလိုပါက မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း အမှတ် ၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၁၃၄၂၊ ၀၁-၂၀၁၉၃၆ နှင့် ၀၁-၃၉၈၇၅၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

ပျော်ဘွယ်မြို့နယ် ကျူတောဝကျေးရွာအုပ်စု မြတ်မင်္ဂလာစာကြည့်တိုက်သို့ ဧပြီ ၅ရက်က အလှူရှင် ဦးတင်ထွန်းဦး-ဒေါ်သီရိစန္ဒာစိုး(ရှဲဒိုးစားသောက်ဆိုင်)မိသားစုက ၂၁လက်မရောင်စုံရုပ်မြင်သံကြားဖမ်းစက် လှူဒါန်းရာ စာကြည့်တိုက်ကော်မတီဝင် ဦးထွန်းထွန်းက လက်ခံယူစဉ်။ (မြို့နယ် ပြန်/ဆက်)

တန်ဖိုးကြီး ပိုးစစ်ချိတ်လုံချည်များနှင့် ပိုးထည်များ အမရပူရမြို့၌ တွင်ကျယ်စွာထုတ်လုပ်ဖြန့်ဖြူး

သတင်းမှတ်စု-မောင်မောင်ထွေး(သတင်းစဉ်)
ဓာတ်ပုံ-သာဉာဏ်(သတင်းစဉ်)

အမရပူရ ဧပြီ ၂၉

ရိုးရာယဉ်ကျေးမှုကို တန်ဖိုးထားမြတ်နိုးကြသည့် မြန်မာလူမျိုးတို့၏ ပွဲနေပွဲထိုင် အခမ်းအနားများတွင် မပါမဖြစ် တန်ဖိုးကြီး ပိုးစစ်ချိတ်လုံချည်များနှင့် ပိုးထည်များကို မန္တလေးတိုင်းဒေသကြီး အမရပူရမြို့၌ တွင်ကျယ်စွာ ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိကြောင်း သိရသည်။

တန်ဖိုးကြီး ပိုးစစ်လုံချည်များကို ရက်လုပ်ရာတွင် ပျမ်းမျှ ရက် ၂၀ မှ နှစ်လခန့်အထိ ကြာမြင့်စွာ ရက်လုပ်ကြရသကဲ့သို့ ဈေးနှုန်းမှာလည်း မြင့်မားသည်။

ပိုးစစ်အပြည့် ချိတ်လုံချည်တစ်ကွင်းမှာ တန်ဖိုးအားဖြင့် ငွေကျပ် ခုနစ်သောင်းကျော်မှ ငါးသိန်းကျော် အထိနှင့် ပိုးစစ်အနားပါသော လုံချည်တစ်ကွင်း၏ တန်ဖိုးမှာ ငွေကျပ် လေးသောင်းမှ ခုနစ်သောင်းအထိ ရှိသည်။

လုပ်ကိုင်ခဲ့

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ငယ်တိုးတိုက်နယ် ရွှေခဲကျေးရွာနေ အသက် ၈၁ နှစ်အရွယ်ရှိ အဘွား ဒေါ်စောရှင်က "တန်ကြီးခတ် ရက်ကန်းလုပ်ငန်းကို ၁၆နှစ်သမီးကတည်းက လုပ်ကိုင်ခဲ့တာပါ။ အလားတူ လွန်းရာကျော် ကြိုးကြီးချိတ်လုပ်ငန်းကို အမရပူရမြို့မှာ ပထမဦးဆုံး အမေလုပ်ကိုင်ခဲ့ပါတယ်။ လက်ရှိမှာလည်း သားသမီး၊ မြေးများနဲ့အတူ အလုပ်သမားဦးရေ ၅၀ ခန့် ထားပြီး လုပ်ကိုင်နေပါတယ်။ အရည်အသွေးမီ ပိုးသက်သက်က တစ်ကွင်းကို ကျပ်နှစ်သိန်းကျော်၊ ရွှေရေးလိုက်က ကျပ်သုံးသိန်း၊ လေးသိန်းအထိ ရှိပါတယ်။ ရိုးရာနဲ့ အရည်အသွေးကို ထိန်းသိမ်းပြီး ပိုးကို စံချိန်မီခတ်ပေးတဲ့အပြင် ဈေးနှုန်းကိုလည်း မှန်မှန်ပဲ ရောင်းချပေးတဲ့အတွက် အမေတို့လုပ်ငန်း ယနေ့တိုင် ရပ်တည်နေရဆဲပါ"ဟု ရှင်းပြသည်။

တန်ဖိုးကြီးလွန်းရာကျော်ပိုးထည်များကို ဤသို့ အချိန်ကြာမြင့်စွာ ရက်လုပ်ကြရသည်။

"ရိုးရာနဲ့ အရည်အသွေးကို ထိန်းသိမ်းပြီး ပိုးကို ယနေ့တိုင် စံချိန်မီခတ်ပေးနေပါတယ်"

အဘွား ဒေါ်စောရှင်

မျက်မှောက်ခေတ်တွင် တန်ဖိုးကြီး ပိုးအစစ်အထည်များသာမက ပိုးနှင့် ချည်ရောစပ်သည့် ဆေးရေးပန်းချီ အဆင်များအပါအဝင် ဒီဇိုင်းအမျိုးမျိုးကိုလည်း စမ်းသပ်ထုတ်လုပ်လျက်ရှိသည်။

တင်ပို့ဖြန့်ဖြူး

အမရပူရမြို့နယ် စားတော်ကျေးရွာရှိ ဟန်သစ္စာအထည်စက်နှင့် လက်ပန်းထိုးလုပ်ငန်းမှ ဦးကျော်မြင့်ထွန်းက "ယခု လတ်တလော ဈေးကွက်တွင် ပန်းဒီဇိုင်းများ ဈေးကွက်ဝင်လျက်ရှိကြောင်း၊ ရန်ကုန်နှင့် မန္တလေးဈေးကွက်သို့ အဓိက တင်ပို့ဖြန့်ဖြူးပြီး ကလေးမြို့နှင့် တောင်ကြီးမြို့သို့လည်း တင်ပို့ဖြန့်ဖြူးကြောင်း၊ သာမန်ပန်းထိုးပိုးထည် တစ်ကွင်းမှာ ပျမ်းမျှ ကျပ် နှစ်သောင်းခွဲမှ ကျပ်ငါးသောင်းအထိ ရှိကြောင်း၊ လက်ရှိ မိမိတို့လုပ်ငန်းကို အလုပ်သမားဦးရေ ၁၀၀ ကျော်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်းဖြင့်" ရှင်းပြသည်။

အမရပူရမြို့နှင့် ဆက်စပ်ဒေသများရှိ တစ်ပိုင်တစ်နိုင် ရက်ကန်းစင်များမှ ရက်ကန်းသမလေးများ၊ လက်ပန်းထိုး အလုပ်သမလေးများသည် နာမည်ကြီး ပိုးထည်တိုက်များသို့ အပ်ထည်စနစ်ဖြင့်ပါ ပြန်လည်ပေးသွင်း ရက်လုပ်ကြရ၍ ဒေသတွင်းအလုပ်အကိုင် အခွင့်အလမ်းများကိုပါ ရရှိနေလျက်ရှိကြောင်း သိရသည်။ ။

(သတင်းစဉ်)

မြန်မာ့အလင်း မှုခင်းသတင်း

သဃ်န်းကျွန်းမြို့နယ်တွင် ကလေးတစ်ဦးရေနစ်သေဆုံး

ရန်ကုန် ဧပြီ ၂၉

ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ် ၄/က ရပ်ကွက်၌ ဧပြီ ၂၇ ရက်က ကလေးငယ်တစ်ဦး ရေနစ်သေဆုံးမှု ဖြစ်ပွားခဲ့သည်။

ဖြစ်ပွားပုံမှာ သဃ်န်းကျွန်းမြို့နယ် ၄/က ရပ်ကွက် ဇာဝေယာလမ်း အမှတ် ၁၃/၁၆၃ ရှိ နေအိမ်၌ မောင်ဟိန်းအာကာထွေး အသက် သုံးနှစ် (ဘ) ဦးကျော်မိုးသည် ဧပြီ ၂၇ရက် ညနေ ၅နာရီခွဲခန့်တွင် ဆော့ကစားနေစဉ် အုတ်ရေကန်အတွင်းသို့ပြုတ်ကျပြီး ရေနစ်သေဆုံးသွားခဲ့ခြင်းဖြစ်သည်။ အဆိုပါသေဆုံးသွားသော ကလေးငယ်အား စံပြဆေးရုံကြီးသို့ ပေးပို့ခဲ့ပြီး သေဆုံးမှုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာမှ စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။ (၀၂၅)

လမ်းဖြတ်ကူးသူ အမျိုးသားတစ်ဦး ကားထပ်ဆင့်တိုက်ခံရပြီးသေဆုံး

ရန်ကုန် ဧပြီ ၂၉

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် လေးဒေါင့်ကန်လမ်းမကြီးပေါ်၌ ဧပြီ ၂၇ရက် ညပိုင်းက လမ်းဖြတ်ကူးလာသော အမျိုးသားတစ်ဦးအား ကားတစ်စီးကတိုက်မိခဲ့ပြီး ကားတိုက်ခံရသူသည် တစ်ဖက်ယာဉ်ကြောလမ်းပေါ်သို့ လွင့်သွားစဉ် နောက်ထပ်ကားတစ်စီး ထပ်မံဆင့်ကဲတိုက်မိ၍ သေဆုံးမှုဖြစ်ပွားခဲ့သည်။

ဖြစ်ပွားပုံမှာ ဧပြီ ၂၇ရက် ည ၁၀နာရီ မိနစ် ၅၀ ခန့်က သဃ်န်းကျွန်းမြို့နယ် လေးဒေါင့်ကန်လမ်းမကြီးအတိုင်း အနောက်မှအရှေ့သို့ မောင်းနှင်လာသော ကားနံပါတ်မမှတ်မိ(စုံစမ်းဆဲ) လိုက်ထရပ်ယာဉ်သည် စံပြဈေးကြီးမှတ်တိုင်အနီးသို့အရောက် လမ်းဖြတ်ကူးသူ အသက် ၄၅ နှစ်ခန့်ရှိ အမျိုးသားတစ်ဦးအား ဝင်ရောက်တိုက်မိပြီး ၄င်းယာဉ်မောင်းမှာ ထွက်ပြေးတိမ်းရှောင်သွားခဲ့သည်။ ကားတိုက်ခံရသူ အမျိုးသားသည် အတိုက်ခံရသည့်အရှိန်ဖြင့် တစ်ဖက်ယာဉ်ကြောသို့ လွင့်စဉ်လဲကျသွားစဉ် မျက်နှာချင်းဆိုင်မှ အရှေ့မှအနောက်သို့ လေးဒေါင့်ကန် လမ်းမကြီးအတိုင်း ယာဉ်မောင်း ထွန်းထွန်းလင်း (၄၉)နှစ် (ဘ) ဦးမိုးဆွေ ကြီးပွားရေးရပ်ကွက် သဃ်န်းကျွန်းမြို့နယ်နေသူ မောင်းနှင်လာသော တိုယိုတာ အက်စ်အီးဆလွန်း အဖြူရောင် အငှားယာဉ်က ထပ်မံတိုက်မိခဲ့ရာ ဒဏ်ရာများ ထပ်မံရရှိပြီး နေရာ၌ပင် သေဆုံးသွားခဲ့သည်။ ကားတိုက်ခံရသူအား တာဝန်ရှိသူများက ရန်ကုန်ဆေးရုံကြီးသို့ ပို့ဆောင်ပေးခဲ့ကြသည်။ ယာဉ်တိုက်မှုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာက အရေးယူဆောင်ရွက်လျက်ရှိပြီး ထွက်ပြေးတိမ်းရှောင်သွားသော တရားခံ ယာဉ်မောင်းအား သက်ဆိုင်ရာယာဉ်မှူးစစ်မှ စုံစမ်းလျက်ရှိကြောင်း သိရှိရသည်။ (၀၂၅)

ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်သည့် တိုင်းရင်းဆေးများ

နွေကာလသည်ကား မကုန်တတ်သေး။ သို့သော် အချို့နေရာများတွင် မိုးဖြိုင်ဖြိုင်ရွာနေချေပြီ။ လက်ကျန်နွေကာလတွင် ဖြစ်ပွားတတ်သောရောဂါများအကြောင်းနှင့် ကျန်းမာရေးနှင့်ပြည့်စုံရန်အတွက် လိုအပ်သော ဆောင်ရန်၊ ရှောင်ရန်များ မှီဝဲရန် တိုင်းရင်းဆေးဝါးများနှင့်စပ်လျဉ်း၍ တင်ပြလိုပါသည်။

နွေရာသီနှောင်းပိုင်းကာလသည် ဝါဆိုလပြည့်နေ့အထိဖြစ်ရာ ထိုကာလအတွင်း အပူချိန်များလွှမ်းမိုးလျက်ရှိခြင်း၊ ရေဓာတ်များ လျော့နည်းခန်းခြောက်ခြင်း၊ သစ်ပင်တောတောင်တို့ ခြောက်သွေ့ခြင်း စသည်တို့ဖြစ်ပြီး ကျန်းမာသော ရုပ်လက္ခဏာများအနေဖြင့် လူသားတို့ အပူကိုကြောက်ရွံ့ခြင်း၊ အအေးကို လိုလားတောင့်တခြင်း၊ အအိပ်အစားကို လိုလားတောင့်တခြင်း၊ ကိုယ်စိတ်ပင်ပန်းနွမ်းနယ်ခြင်း၊ အချိုအရသာကို ကြိုက်ခြင်း (တေဇောဓာတ် တစ်နည်း သည်းခြေဒေါသ အဓိကဓာတ်မီးကြွချိန်၌ မီးငြိမ်းစာဖြစ်သည့် အချိုအရသာကို ခန္ဓာကိုယ်ရှိ သွေးသားက လိုလားနှစ်ခြိုက်ခြင်းဖြစ်သည်) စသည်တို့ဖြစ်၍ အဆိုပါလက္ခဏာများမှ ဆန့်ကျင်သောလက္ခဏာများ တွေ့ရှိပါက ကျန်းမာမှုပျက်ပြားနိုင်ကြောင်း ကြိုတင်သတိပြုဆင်ခြင်ရမည် ဖြစ်သည်။

ကဆုန်လပြည့်နေ့မရောက်မီကာလအတွင်း အပူချိန်ကရှိနေတတ်ရာ ထိုကာလအတွင်း ဆောင်ရန်အချက်များမှာ အာရုံနေရာအားဖြင့် မျက်ရည်၊ နှာရည်ထွက်အောင် မျက်စဉ်းခတ်၊ နှာရှုခြင်း၊ နေ့ခင်းနေ့လယ်တွင် ရေနွေးအမြဲသောက်ပေးခြင်း၊ ချည်ထည်အဝတ်အစားများ ဝတ်ဆင်ခြင်း၊ ဆေးအနေဖြင့် ဇာတိလဝင် (တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်-၃၅)ကို တစ်နေ့ သုံးကြိမ်၊ တစ်ကြိမ်လျှင် လူကြီးနှစ်ပဲသား၊ ကလေးတစ်ပဲသားနှုန်းဖြင့် သုံးရက်စားသုံးခြင်း၊ အစားအစာအားဖြင့် ကြောင်ပန်းရွက်၊ ဆူးပုပ်ရွက်၊ ခံတက်ရွက်၊ ကုက္ကိုရွက်၊ ဆိတ်ဖူး၊ ချင်း၊ မိဿလင်၊ ရဲယိုရွက်၊ နမ်းမန်၊ ကြက်/အမဲစွပ်ပြုတ်၊ ဆိတ်၊ အမဲသားနှပ်ဟင်းများ စားသုံးရန် စသည်တို့ဖြစ်သည်။ ရှောင်ရန်အချက်များမှာ ခန္ဓာကိုယ်ကို ချွေးခြောက်စေသည့် ပန်ကာလေ၊ အအေးဇိမ်ခံခြင်း၊ ပူအိုက်မှုကို သက်သာစေရန် အိပ်ရာနေရာကို ရေဖျန်းခြင်း၊ ညအိပ်လျှင် တံခါးဖွင့် လေအေးခံအိပ်ခြင်း၊ လေအေးစက်၊ ပန်ကာများဖွင့်အိပ်ခြင်း စသည်များ အထူးသတိပြုရှောင်ကြဉ်ရန်၊ မွန်းလွဲချိန်နောက်ပိုင်း ရေချိုးခြင်းမပြုမိရန်၊ အေး၊ ချို၊ ဆိမ့်၊ ဖန် စသော အစားအစာများ၊ အေး၊ ချဉ်၊ ငန်အရသာရှိသော အစားအစာများ စားသောက်ခြင်း၊ ဆီးနီ၊ ဆီးဝါ၊ ဝမ်းချုပ်သည့်လက္ခဏာရှိသည်ကို အစိုးရိမ်လွန်ကဲပြီး အားပြင်းသော ဝမ်းနုတ်ဆေးများ မှီဝဲစားသုံးခြင်းများကို ရှောင်ကြဉ်ရန် သတိပြုရမည်ဖြစ်သည်။

နွေဥတု၏ ဒုတိယပိုင်းကာလဖြစ်သော ကဆုန်လပြည့်ကျော် ၁ရက်နေ့မှ ဝါဆိုလပြည့်နေ့အထိ နှစ်လတာကာလအတွင်း ဆောင်ရန်အချက်များမှာ အာရုံနေရာအနေဖြင့် နေ့အချိန်တွင် အိပ်ခြင်း၊ ရိုးရိုးယပ်တောင်လေသာခံခြင်း၊ လေညင်းခံခြင်း၊ သင့်တင့်လျောက်ပတ်သော အတိုင်းအတာအထိ ညနေပိုင်းတွင် လမ်းလျှောက်ခြင်း၊ ချည်ထည်အဝတ်များ ဝတ်ဆင်ခြင်း၊ ဆေးအနေဖြင့် ပြည်လုံးချမ်းသာဆေး (တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်-၂၇)ဖြစ်စေ၊ သဗ္ဗဓေယျဆေးစပ်ကြီး (တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်-၂၉)ကိုဖြစ်စေ တစ်နေ့လျှင် တစ်ကြိမ်မှသုံးကြိမ်၊ တစ်ကြိမ်လျှင် လူကြီးနှစ်ပဲသား၊ ကလေးတစ်ပဲသားနှုန်း စားသုံးရန်၊ အစားအစာအနေဖြင့် ဒန့်သလွန်သီး/အရွက်၊ မြန်မာကုက္ကိုရွက်၊ ဝါရွက်၊ ဥသျှစ်ရွက်၊ ရဲယိုရွက်၊ ကြက်သဟင်းရွက်၊ ခံတက်၊ ပိတ်ချင်း၊ ငရုတ်၊ နနွင်း၊ ပင်စိမ်း၊ ကန့်ချုပ်ဖြူ၊ ဆူးပုပ်၊ ဆိတ်ဖူး၊ ချင်း၊ မိဿလင်၊ အသားအဖြစ် ကြက်၊ ခါ၊ ချိုး၊ ဆိတ်၊ နွား၊ သိုးသား စသည်များကို ဆီပြန်ချက်စားခြင်း၊ ရှောင်ရန်အချက်များမှာ အပူချိန်အလွန်ပြင်းထန်သည့် မွန်းလွဲပိုင်းမှ ညနေ ၃ နာရီအတွင်း ရေချိုးခြင်း၊ ချောင်း၊ မြောင်း၊ မြစ်ရေများ သုံးစွဲခြင်း၊ လွန်ကဲစွာ အပင်ပန်းခံခြင်းများ၊ အေး၊ ခါး၊ ဖန်၊ ချို၊ ဆိမ့်၊ ချဉ်သော အရသာရှိသည့် အစားအစာများ စားသောက်ခြင်း စသည်တို့ကို ရှောင်ကြဉ်ရန်ဖြစ်ပါသည်။

နွေရာသီတွင် ခေါင်းအုံ၊ ခေါင်းကိုက်၊ ခေါင်းခဲဖြစ်ခြင်း၊ မျက်စိကျိန်း၊ မျက်စိနာခြင်း၊ နှာခေါင်းသွေးလျှံခြင်း၊ အပူဝင်၊ အပူငုပ်ခြင်း၊ ဆီးချုပ်၊ ဆီးပူ၊ ဆီးအောင့်ခြင်း စသည်များ ဖြစ်ပွားတတ်ပါသည်။

ခေါင်းအုံ၊ ခေါင်းကိုက်၊ ခေါင်းခဲရောဂါဖြစ်ခြင်းတို့အတွက် ပြုစုကုသနည်းမှာ ချွေးထွက်စေရန် ကွမ်းရွက်သုံးရွက်ကို ထန်းလျက်သုံးလုံးခန့် ရေနွေးဖြင့်ပြုတ်၍ တစ်ခါသောက်လျှင် အကြမ်းပန်းကန်နှစ်လုံးပမာဏခန့် ပူပူသောက်ပေးခြင်း၊ လေလုံရာအခန်းတွင်နေစေပြီး အဝတ်ထူထူဝတ်စေခြင်း၊ နနွင်းမှုန် သို့မဟုတ် အကင်းဆယ်ပါးဆေးမှုန့် (တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်-၄၃)ကို မှုံ့ရှူပေးခြင်း၊ ကွမ်းရွက်သန့်သန့်ကိုညှစ်၍ မျက်စဉ်းခတ်ပေးခြင်း၊ စက္ကူပါလဆေး (တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်-၁၂)ကို ညအိပ်ရာဝင်ချိန်တွင် ရေအေးဖြင့် လူကြီးနှစ်ပဲသား၊ ကလေးတစ်ပဲသား တစ်နေ့ တစ်ကြိမ်သောက်ပေးခြင်း၊ သွေးဆေးနီကြီး (တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်-၁၇)ကိုဖြစ်စေ၊ မတဲမြင့်မိုရ်ကုန်းဆေး (တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်-၂၅)ကိုဖြစ်စေ တစ်နေ့ သုံးကြိမ်၊ တစ်ကြိမ်လျှင် လူကြီးနှစ်ပဲသား၊ ကလေးတစ်ပဲသားနှုန်းဖြင့် ရေနွေး သို့မဟုတ် ကွမ်းရွက်ပြုတ်ရည်ဖြင့် သုံးရက်တိုက်ပေးခြင်းတို့ ဖြစ်ပါသည်။

မျက်စိကျိန်း၊ မျက်စိနာခြင်းတို့အတွက် ပြုစုကုသနည်းမှာ မန်ကျည်းခေါက်နှင့်ဆားကိုသွေး၍ နဖူးကို လိမ်းပေးခြင်း၊ ဆင်တုံးမနွယ် သို့မဟုတ် ဆီးဖြူသီးကိုဆားဖြင့်သွေး၍ဖြစ်စေ မျက်စိကိုကွင်းပေးခြင်း၊ ဖီးကြမ်းငှက်ပျောသီးပျော့ပျော့ကို စားစေခြင်း၊ ညအိပ်ရာဝင်ချိန်တွင် မန်ကျည်းဖျော်ရည်ကို ဆားခတ်ပြီး သောက်စေခြင်း၊ နံနက်အိပ်ရာထ မျက်နှာသစ်သည့်အခါ (ဒူးအောက်ပိုင်း) ခြေထောက်ကို ရေးဦးစွာလောင်းပြီးမှ မျက်နှာသစ်ခြင်း၊ မျက်စိစူးလျှင် နနွင်းကိုရေနွေးဖြင့် မှိုင်းခံရှူစေခြင်း၊ ဆေးအဖြစ် ဟလိဒ္ဒစုဏ္ဏကန်းဆေး (တိုင်းရင်းဆေးခန်းသုံးဆေးအမှတ်-၆)နှင့် အပူငြိမ်းသွေးဆေး(တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်-၁၆)တို့ကို တစ်နေ့သုံးကြိမ် သုံးရက်၊ တစ်ကြိမ်လျှင် လူကြီးနှစ်ပဲသား၊ ကလေးတစ်ပဲသား တိုက်ခြင်း၊ အကင်းဆယ်ပါးဆေးမှုန့် (တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်-၄၃)ကို လိမ်းပေးခြင်းတို့ ဖြစ်ပါသည်။

နှာခေါင်းသွေးလျှံခြင်းအတွက် ပြုစုကုသနည်းမှာ နှာခေါင်းမှသွေးများ စင်ကြယ်သန့်ရှင်းအောင်ပြုလုပ်ပြီးနောက် အနံ့မပြင်းသည့် သွေးဆေးအေးတစ်ခုခုကိုဖြစ်စေ၊ သပြေ၊ သြဇာ၊ မာလကာရွက် ရရာတစ်ခုခုကို ပွတ်ခြေ၍ဖြစ်စေ ရှူစေခြင်း၊ ဦးခေါင်းကိုမော့ပြီး ရေခဲရေကို ရှူလိုက်၊ ထုတ်လိုက်လုပ်စေခြင်း စသည်တို့ကို ပြုလုပ်ပြီးမှ သကြားနှင့် သံပရာရည်ချိုချိုဖျော်၍ဖြစ်စေ၊ ဖရဲသီးမှည့်နှင့် သကြားကို ရော၍ဖြစ်စေ၊ သခွားသီးရင့်ရင့်ကိုဖြစ်စေ စားစေခြင်း၊ ကျောက်ဖရုံသီး သို့မဟုတ် ဘူးသီးတို့ကို အချိုချက်စားစေခြင်း၊ ပူ၊ စပ်၊ ခါးအရသာရှိသော အစားအစာများကို ရှောင်ကြဉ်စေ၍ အရိပ်ထဲတွင်နေကာ ပက်လက်အိပ်စေခြင်းတို့ဖြစ်သည်။ တိုက်ကျွေးရန်ဆေးမှာ သွေးဆေးအအေးဖြစ်သော အပူငြိမ်းသွေးဆေး (တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်-၁၆)ကို တစ်နေ့သုံးကြိမ်၊ တစ်ကြိမ်လျှင် လူကြီးနှစ်ပဲသား၊ ကလေး တစ်ပဲသားနှုန်းဖြင့် သောက်စေရန်နှင့် ယင်းဆေးကိုပင် သွေးလျှံသည့်နေရာသို့ သိပ်ပေးရန် ဖြစ်ပါသည်။

အပူဝင်၊ အပူငုပ်ရောဂါများအတွက် ပြုစုကုသနည်းမှာ ခေါင်းအုံ၊ ခေါင်းကိုက်၊ ခေါင်းခဲရောဂါများ ပြုစုကုသနည်းအတိုင်းဖြစ်ပြီး တိုက်ကျွေးရန်ဆေးမှာ သွေးဆေးနီကြီး (တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်-၁၇)ကို ထန်းလျက်ပြုတ်ရည်နှင့် လူကြီးနှစ်ပဲသား၊ ကလေးတစ်ပဲသားနှုန်းဖြင့် နံနက်တစ်ကြိမ်၊ နေ့ခင်းတစ်ကြိမ် တစ်နေ့ နှစ်ကြိမ်တိုက်ပြီး ညနေပိုင်းတွင် မတဲမြင့်မိုရ်ကုန်းဆေး (တိုင်းရင်းဆေးခန်းသုံးဆေးအမှတ်-၂၅)ကို လူကြီးနှစ်ပဲသား၊ ကလေးတစ်ပဲသားနှုန်းဖြင့် ကွမ်းပြုတ်ရည်နှင့်တိုက်လျက် ညအိပ်ရာဝင်ချိန်တွင် ဆီးဒူလာဆေး(တိုင်းရင်းဆေးခန်းသုံးဆေးအမှတ်-၉)ကို လူကြီးနှစ်ပဲသား၊ ကလေးတစ်ပဲသားနှုန်းဖြင့် ဝမ်းနုတ်ဆေးအဖြစ် တိုက်ကျွေးရန် ဖြစ်ပါသည်။

ဆီးချုပ်၊ ဆီးပူ၊ ဆီးအောင့်ခြင်းများအတွက် ပြုစုကုသနည်းမှာ အချိန်ကာလကြာမြင့်စွာထိုင်၍ အလုပ်လုပ်ကိုင်ခြင်းနှင့် ရေခဲနှင့် ဆီများသောအစားများ စားသောက်ခြင်း၊ အပူဆေး၊ အပူအစာများ စားသောက်ခြင်းတို့ကို ရှောင်ကြဉ်စေ၍ နံနက်အိပ်ရာထတွင် ရေကိုဝအောင်သောက်စေခြင်း၊ ကန့်ကလာ သို့မဟုတ် ချင်းကို ထန်းလျက်နှင့်ပြုတ်၍ သောက်စေခြင်း၊ ကျောက်ဖရုံယိုကိုရေစိမ်၍ သောက်စေခြင်း၊ ထမင်းရည်၊ ဆန်ပြုတ်ရည်တွင် နို့ထည့်၍ သကြားချိုချိုခတ်သောက်စေခြင်း၊ ကြံနက်ကို မီးဖုတ်၍ အခွံခွာလျက် စုပ်စေခြင်း (စက်ကြိတ်ကြံရည်မဟုတ်ကြောင်း သတိပြုရန် ဖြစ်ပါသည်)တို့ ဖြစ်ပြီး ဆေးအနေဖြင့်လည်း ဆီးဆေးဖြူ (တိုင်းရင်းဆေးခန်းသုံးဆေးအမှတ်-၂၁)ကို နံနက်ပိုင်းနှစ်ကြိမ်၊ ညနေပိုင်းတစ်ကြိမ်၊ လူကြီးနှစ်ပဲသား၊ ကလေးတစ်ပဲသားနှုန်းဖြင့် ရေအေးဖြင့်ဖြစ်စေ၊ သကြားရည်ဖြင့်ဖြစ်စေ သောက်ရန်ဖြစ်ပါသည်။

တင်ထွင်ရှ (အစိုးရတိုင်းရင်းဆေး)

ထို့အပြင် ရာသီဥတုအခြေအနေအရ အပူအအေးမမျှတခြင်း၊ စားသုံးမှုပုံစံအရ အာဟာရစားသုံးမှု အချိုးအစားမျှတမှု ချို့ယွင်းအားနည်းခြင်းကြောင့် မိမိခန္ဓာကိုယ်၏ ကြံ့ခိုင်မှုစွမ်းရည်ကို ထိခိုက်စေခြင်း စသည်တို့ကြောင့် သွေးစုနာ၊ ရေကျောက်ရောဂါ၊ ဝက်သက်ရောဂါ စသည်တို့ ရံဖန်ရံခါဖြစ်ပွားစေတတ်ပါသည်။

(၁) **သွေးစုနာ ဖြစ်ပွားရသည့်အကြောင်းများမှာ-** ရာသီဥတုအနေဖြင့် ပူလိုက်အေးလိုက်ဖြစ်ပေါ်ခြင်း၊ ပူစပ်-ချဉ်ငန်အရသာရှိသော အစားအစာများကို လွန်ကဲစွာစားသုံးခြင်းနှင့်တစ်ကိုယ်ရေသန့်ရှင်းမှုနည်းပါးခြင်း စသည်တို့ဖြစ်ပါသည်။ ၎င်းရောဂါ၏ ဖြစ်ဆဲလက္ခဏာများအနေဖြင့် ရောင်ရမ်းခြင်း၊ ပူခြင်း၊ နီခြင်း၊ နာကျင်မှုခံစားရခြင်း၊ သွေးများစုဝေးနေခြင်း၊ အလုံးအဖုအဖြစ် တည်ရှိခြင်းနှင့် အမြစ်တွယ်ပြည်တည်ခြင်း စသည်တို့ကို တွေ့ရှိရမည်ဖြစ်ပြီး ၎င်းသွေးစုနာကို ပြုစုကုသမှုနှင့်စပ်လျဉ်း၍ သောက်ဆေးအဖြစ် တိုင်းရင်းဆေးခန်းသုံးဆေးအမှတ်-၁၇(သွေးဆေးနီ) နှစ်ပဲသားနှင့် တိုင်းရင်းဆေးခန်းသုံးဆေးအမှတ်-၆ (ဟလိဒ္ဒစုဏ္ဏကန်းဆေး)နှစ်ပဲသားတို့ကို ရေနွေးနှင့် တစ်နေ့လျှင် သုံးကြိမ်မှ လေးကြိမ်အထိလည်းကောင်း၊ အကယ်၍ ဝမ်းချုပ်ပါက ညအိပ်ရာဝင်ချိန်တွင် တိုင်းရင်းဆေးခန်းသုံးဆေးအမှတ်-၁၂ (စက္ကူပါလဆေး) လေးပဲသားကို ရေအေးနှင့်လည်းကောင်း၊ ဆီးချိုရောဂါရှိသူများအတွက် တိုင်းရင်းဆေးခန်းသုံးဆေးအမှတ်-၁၇(သွေးဆေးနီ) နှစ်ပဲသားကို တစ်နေ့လျှင် လေးကြိမ်နှုန်းဖြင့်လည်းကောင်း အသီးသီးတိုက်ရန်ဖြစ်ပြီး လူနာသည် ၁၂နှစ်အောက်ကလေးဖြစ်ပါက ဖော်ပြပါဆေးအချိန်အဆ ပမာဏအသီးသီး၏ တစ်ဝက်နှုန်းဖြင့် တိုက်ရန်ဖြစ်ပါသည်။ အနာရှိ သွေး၊ ပြည်၊ အညစ်အကြေးများကို အဏုမြူဖန်ဆေးရည်နှင့်ဆေးပြီး အနာကို စင်ကြယ်သန့်ရှင်းအောင်ဆောင်ရွက်၍ အနာကပ်ဆေးအဖြစ် အနာအသားနုတက် ဖယောင်းချက်အညိုကို ပတ်တီးစတွင် ပါးပါးသုတ်ပြီး တိုင်းရင်းဆေးခန်းသုံးဆေးအမှတ်-၃(က) (ဆားငါးပါးဆေး) တစ်ပဲသားကိုထည့်ပြီး အုံပေးရန်ဖြစ်ပါသည်။

သွေးစုနာရှိသူအနေဖြင့် လိုက်နာဆောင်ရွက်ရမည့်အချက်များမှာ အေး၊ ခါး အရသာရှိသော ဆေးဝါး အစားအစာများနှင့် အရည်ရွှမ်းသော အသီးအနှံများစားရန်၊ တစ်ကိုယ်ရေသန့်ရှင်းရေးကို အထူးဂရုစိုက်၍ လေကောင်းလေသန့်ရှူရှိုက်ရန်တို့ဖြစ်ပြီး ရှောင်ကြဉ်ရမည့်အချက်များမှာ ပူစပ်-ချဉ်ငန် အရသာရှိသောဆေးများ၊ အေးချို-ဆိမ့်ဆေးဝါးအစားအစာများကို တစ်ဖက်လွန်စားခြင်း၊ မကောင်းသောအနံ့အသက်များ ရှူရှိုက်ခြင်း စသည်တို့ ဖြစ်ပါသည်။ သွေးစုနာပေါက်သူတွင် ကူးစက်ရောဂါရှိခြင်း၊ ဆီးချို၊ သွေးချိုပြင်းထန်ပြီး ကျောက်ကပ်ပျက်စီးခြင်း၊ အလွန်သွေးအားနည်းခြင်း၊ သွေးစုနာများ တစ်ကိုယ်လုံးအနှံ့ ဆက်ကာဆက်ကာဖြစ်ပေါ်ခြင်း စသည်တို့ကို တွေ့ရှိရပါက အခြားသင့်တော်ရာ ဆေးရုံသို့ ညွှန်းပို့ကုသစေရမည်။

(၂) **ရေကျောက်ရောဂါ ဖြစ်ပွားရခြင်းအကြောင်းများမှာ-** အပူအအေး အားပြိုင်သော ဥတုဖြစ်ပေါ်ခြင်း၊ တစ်ဦးမှတစ်ဦး ကူးစက်ခြင်း၊ ပူ၊ စပ်၊ ခါး၊ ချဉ်အရသာရှိသော အစားအစာများကို လွန်ကဲစွာစားသုံးခြင်း၊ ရာသီဥတု ပူလိုက်၊ အေးလိုက်ဖြစ်ခြင်း စသည်တို့ဖြစ်ပါသည်။ ရောဂါလက္ခဏာများမှာ ရှေ့ပြေးလက္ခဏာများအဖြစ် ကိုယ်ပူလာခြင်း၊ အစက်အပြောက်များပေါ်ခြင်း၊ သွေးခုန်နှုန်းမြန်ခြင်း၊ ချွေးငုပ်ခြင်း စသည်တို့ကို တွေ့ရှိရမည်ဖြစ်ပြီး ဖြစ်ဆဲလက္ခဏာများအဖြစ် ကိုယ်အပူကြီးခြင်း၊ သွေးခုန်နှုန်းမြန်ခြင်း၊ မအီမသာဖြစ်ခြင်း၊ မျက်စိပူခြင်း၊ အာခေါင်ပူခြင်း၊ အနီပြောက်လေးများ အစုအဝေးတစ်ခုစီပေါ်လာခြင်း၊ ၎င်းအနီဖုများ အရည်တည်လာခြင်း၊ ပြည်ဝတ်ဆံများ တည်လာခြင်း၊ တစ်ခါတစ်ရံ အာခေါင်၊ ပါးစပ်ရှိ ပါးစောင်မြေး၊ မျက်မြေးတို့တွင် ထွက်တတ်ခြင်း စသည်တို့ကိုတွေ့ရှိရမည်။ ရေကျောက်ကို ပြုစုကုသခြင်းနှင့်စပ်လျဉ်း၍ ပထမအဆင့်တွင် ကျောက်စုံလင်စွာထွက်စေရန် တိုင်းရင်းဆေးခန်းသုံးဆေးအမှတ်-၁၇ (သွေးဆေးနီ) နှစ်ပဲသားကို ကွမ်းရွက်ပြုတ်ရည်ဖြင့် တစ်နေ့သုံးကြိမ်၊ သုံးရက်တိုက်ရန်၊ ကျောက်စုံလင်ပြီး အဖျားကျပါက ဒုတိယအဆင့်တွင် တိုင်းရင်းဆေးခန်းသုံးဆေးအမှတ်-၆ (ဟလိဒ္ဒစုဏ္ဏဆေး) နှစ်ပဲသားကို ကွမ်းရွက်ပြုတ်ရည်ဖြင့် တစ်နေ့သုံးကြိမ်တိုက်ရန်၊ အဖျားလုံးဝပျောက်သွားပါက တတိယအဆင့်တွင် တိုင်းရင်းဆေးခန်းသုံးဆေးအမှတ်-၁၆ (အပူငြိမ်းသွေးဆေး) နှစ်ပဲသားကို ကွမ်းရွက်ပြုတ်ရည်ဖြင့် သုံးရက်တိုက်ရန်၊ လိမ်းဆေးအနေဖြင့် ပထမအဆင့်တွင် တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်-၄၃ (အကင်းဆယ်ပါးဆေး)ကို သနပ်ခါးရည်ကျဲကျဲဖြင့် လိမ်းပေးပါရန်၊ ဒုတိယအဆင့်တွင် အနာများကို တိုင်းရင်းဆေးခန်းသုံးဆေးအမှတ်-၄၃ (အကင်းဆယ်ပါးဆေး)ကို အုန်းဆီဖြင့်လိမ်းရန်၊ လိုက်နာဆောင်ရွက်ရမည့်အချက်များမှာ ကြေကျက်လွယ်ပြီး အားဖြစ်စေသော ငါးရံ့စွပ်ပြုတ်၊ ကြက်စွပ်ပြုတ်၊ ဆန်ပြုတ်တို့ကို သောက်ရန်နှင့် မိုးနံ့ရွက်ဟင်းချို တိုက်ရန်တို့ဖြစ်ပြီး ရှောင်ကြဉ်ရန်အချက်များမှာ ပူ၊ ချဉ်၊ စပ် အရသာရှိသော အစားအစာများ(ဥပမာ-ငရုတ်သီး၊ ချင်းတက်၊ ငရုတ်ကောင်း၊ လက်လုပ်ချဉ်)၊ အေး၊ ဆိမ့်၊ ဖန် အရသာရှိသော အစားအစာများ (ဥပမာ-ရေခဲမုန့်၊ ရေခဲထုပ်၊ ဖာလူဒါ) စသည်တို့ ဖြစ်ပါသည်။ အကယ်၍ ပြင်းထန်စွာ ဖျားခြင်း၊ ဦးနှောက်အမြှေး အနာဖြစ်ခြင်း၊ ရောင်ခြင်း၊ လေအိတ်များရောင်ခြင်း၊ နှလုံးကြွက်သားများ ရောင်ရမ်းခြင်းဖြစ်ပါက အခြားသင့်တော်ရာဆေးရုံသို့ ညွှန်းပို့ကုသစေရပါမည်။

(၃) **ဝက်သက်ရောဂါ ဖြစ်ပွားရခြင်းအကြောင်းများမှာ-** နေပူခံခြင်း၊ ဥတုပြောင်း မိုးနှောင်း၊ နွေနှောင်းတို့၌ ဥတုဒဏ်ခံနိုင်မှုမရှိခြင်း၊ အအေးမိခြင်း၊ အပူမိခြင်း၊ အသက် ၁၀ နှစ်အောက်ကလေးများဖြစ်ခြင်း၊ အာဟာရချို့တဲ့၍ ကိုယ်ခံအားနည်းခြင်းတို့ဖြစ်ပါသည်။ ရောဂါလက္ခဏာများမှာ- ရှေ့ပြေးလက္ခဏာများအဖြစ် ပူလောင်ခြင်း၊ မှိုန်းနေလိုခြင်း၊ နှာရည်ယိုခြင်း၊ ချောင်းဆိုးခြင်း စသည်တို့ကို တွေ့ရှိရမည်ဖြစ်ပြီး ဖြစ်ဆဲလက္ခဏာများမှာ ရောဂါပျိုးချိန် ခုနစ်ရက်မှ ၁၄ ရက်အထိ ကြာတတ်ခြင်း၊ ပထမအဆင့်တွင် ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ နှာရည်ယိုခြင်း၊ မျက်မြေးရောင်ခြင်း၊ ပါးစောင်တွင် Kopllk Spot အဖြူအစက်အပြောက် တွေ့ရတတ်ခြင်း၊ အလင်းရောင်ကြောက်တတ်ခြင်း၊ အဖျားနှင့်ချောင်းဆိုး တဖြည်းဖြည်းဆိုးရွားလာပြီး တစ်ကိုယ်လုံး အနီကွက်များပေါ်ထွက်လာခြင်း၊ လည်ပင်း၊ နားရွက်နောက်၊ ဆံပင်၊ ဆံစပ်တို့တွင် စတင်ထွက်တတ်ခြင်း၊ မျက်နှာ၊ လက်၊ ရင်ဘတ်နှင့် တစ်ကိုယ်လုံးသို့ နှစ်ရက်မှ သုံးရက်အတွင်း ပျံ့နှံ့သွားခြင်း စသည့်လက္ခဏာများကို လည်းကောင်း၊ ပြင်းထန်သော ဆင်ဝက်သက်တွင် တစ်ကိုယ်လုံးရှိ အရေပြားသာမက လက်ဖဝါး၊ ခြေဖဝါးများအထိ ထွက်တတ်ခြင်း၊ မျက်နှာရောင်ပြီး ပုံပျက်တတ်ခြင်း၊ သွေးခြည်ဥခြင်း၊ အစက်အပြောက်များပေါ်ခြင်း၊ ပါးစပ်၊ နှာခေါင်းနှင့် အစာအိမ်လမ်းကြောင်းတို့တွင် သွေးများယိုထွက်တတ်ခြင်း၊ အရေပြားအကွက်များ မှိန်သွားချိန်တွင် အရေခွံကွာတတ်ပြီး အရေပြားတွင် အညိုရောင် စွန်းထင်းကျန်တတ်ခြင်း၊ မေးရိုးထောင့်နှင့် လည်ပင်းနောက်မှ အကျိတ်ဂလင်းများရောင်တတ်ခြင်း၊ သရက်ရွက်အနည်းငယ်ကြီးလာတတ်ခြင်း၊ အူအတက်ရောင်တတ်ခြင်း၊ နားပြည်ယိုခြင်း၊ အဆုတ်အအေးမိခြင်း၊ အန်ခြင်း၊ဝမ်းသွားခြင်းဖြစ်စတွင် အဖျား ၁၀၂˚F မှ ၁၀၅˚F အထိ တက်တတ်ခြင်း စသည်တို့ကို တွေ့ရှိရပေမည်။ ဝက်သက်ကုထုံးမှာ ပထမအဆင့်တွင် တိုင်းရင်းဆေးခန်းသုံးဆေးအမှတ်-၁၇(သွေးဆေးနီ)နှစ်ပဲသားကို ကွမ်းရွက်ပြုတ်ရည်နှင့် တစ်နေ့သုံးကြိမ်၊ သုံးရက်တိုက်ရန်၊ အဖျားကျပါက ဒုတိယအဆင့်တွင် တိုင်းရင်းဆေးခန်းသုံးဆေးအမှတ်-၆ (ဟလိဒ္ဒစုဏ္ဏဆေး) နှစ်ပဲသားကို ကွမ်းရွက်ပြုတ်ရည်ဖြင့် တစ်နေ့သုံးကြိမ်၊ သုံးရက်တိုက်ရန်ဖြစ်ပြီး လိမ်းဆေးအဖြစ် ပထမအဆင့်တွင် တိုင်းရင်းဆေးခန်းသုံးဆေးအမှတ်-၄၃ (အကင်းဆယ်ပါးဆေး)ကို သနပ်ခါးရည်ကျဲကျဲဖြင့်လိမ်းပေးရန်၊ ဒုတိယအဆင့်တွင် အနာများကို တိုင်းရင်းဆေးခန်းသုံးဆေးအမှတ်-၄၃ (အကင်းဆယ်ပါးဆေး)ကို အုန်းဆီနှင့်လိမ်းရန်တို့ဖြစ်၍ လိုက်နာဆောင်ရွက်ရမည့်အချက်များမှာ ကြေကျက်လွယ်ပြီး အားဖြစ်စေသော ငါးရံ့စွပ်ပြုတ်၊ ကြက်စွပ်ပြုတ်၊ ဆန်ပြုတ်တို့ကိုကျွေးပြီး လေကောင်းလေသန့်ရသော အခန်းတွင်ထားရန်နှင့် ရှောင်ကြဉ်ရန်အချက်များမှာ ပူ၊ ချဉ်၊ စပ် အရသာများ (ဥပမာ-ငရုတ်သီး၊ ငရုတ်ကောင်း၊ လက်လုပ်ချဉ်)၊ အေး၊ ဆိမ့်၊ ဖန် အရသာများ (ဥပမာ-ရေခဲမုန့်၊ ရေခဲထုပ်၊ ဖာလူဒါ)တို့ ဖြစ်ပါသည်။ ဝက်သက်ရောဂါတွင် အဖျားမကျဘဲ အဖုများကြီးထွားလာပါက ကုသရန်ခက်ခဲသောအခြေအနေသို့ ရောက်ရှိသွားသည်ကို သတိပြုရန်နှင့် အဆုတ်ကျပ်ခဲခြင်း၊ မျက်ကြည်လွှာအနာဖြစ်ခြင်း၊ ဦးနှောက်အမြှေးရောင်ခြင်းများဖြစ်လာပါက အခြားသင့်တော်ရာဆေးရုံသို့ ညွှန်းပို့ကုသစေရပါမည်။

ဖော်ပြခဲ့သော ရောဂါပြုစုကုသနည်းများတွင် ထည့်သွင်းအသုံးပြုသော တိုင်းရင်းဆေးခန်းသုံးဆေးအမှတ်များနှင့်စပ်လျဉ်း၍ သွေးတိုးနှင့် ကျောက်ကပ်ရောဂါရှိသူများအတွက် တိုင်းရင်းဆေးခန်းသုံးဆေးအမှတ်-၆ နှင့် ၂၅ တို့ကိုလည်းကောင်း၊ အမျိုးသမီးများ ကိုယ်ဝန်နုစဉ်ကာလနှင့် ဓမ္မတာကာလတွင် တိုင်းရင်းဆေးခန်းသုံးဆေးအမှတ်-၁၇ ကိုလည်းကောင်း၊ အမျိုးသမီးများ ဓမ္မတာသွေးပေါ်ခါနီးနှင့် ပေါ်ဆဲကာလတွင် တိုင်းရင်းဆေးခန်းသုံးဆေးအမှတ်-၁၆ ကိုလည်းကောင်း၊ အမျိုးသမီးများ ကိုယ်ဝန်ဆောင်စဉ်ကာလနှင့် ဆီးနှင့် ကျောက်ကပ်ရောဂါ၊ သွေးဝမ်းရောဂါရှိသူများအတွက် တိုင်းရင်းဆေးခန်းသုံးဆေးအမှတ်-၂၉ ကိုလည်းကောင်း စားသုံးခြင်းမပြုကြရန် အလေးဂရုပြုရမည် ဖြစ်ပါသည်။

ထို့အပြင် တိုင်းရင်းဆေးခန်းသုံးဆေးအမှတ်-၆ ကို စားသုံးနေစဉ် အပူအစပ်များ စားသုံးခြင်းကိုရှောင်၍ အေး၊ ချိုအရသာရှိသော အစားအစာစားခြင်း၊ ရေကျက်အေးသောက်ခြင်းများ ပြုသင့်ပါသည်။ တိုင်းရင်းဆေးခန်းသုံးဆေးအမှတ်-၁၂ ကို စားသုံးနေစဉ် ကြေကျက်လွယ်သော အစာ၊ အရည်ရွှမ်းသော အစားအစာများ စားသင့်ပါသည်။ တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်-၁၆ ကို စားသုံးနေစဉ် ပူ၊ ခါး၊ စပ် အရသာရှိသော အစားအစာများကိုရှောင်ကြဉ်၍ အရည်ရွှမ်းပြီး လတ်ဆတ်သော သီးနှံများကို စားသုံးသင့်ပါသည်။ တိုင်းရင်းဆေးခန်းသုံးဆေးအမှတ်-၁၇ ကို စားသုံးနေစဉ် ခန္ဓာကိုယ်ကို နွေးနွေးထွေးထွေးဖြစ်အောင် နေစေပြီး ရေကျက်အေးဖြင့် ရေချိုးခြင်း၊ အအေးခံ၊ အပူခံလွန်းခြင်းများအား ရှောင်ကြဉ်ခြင်းတို့ကို ပြုလုပ်သင့်ပါသည်။

တိုင်းရင်းဆေးခန်းသုံးဆေးအမှတ်-၂၁ ကို စားသုံးစဉ် ခြေထောက်နှင့် ဝမ်းဗိုက်ပိုင်း နွေးထွေးစွာထား၍ ရေနွေးဖြင့် ရေချိုးစေကာ အအေးခံခြင်းများကို ရှောင်ကြဉ်သင့်ပါသည်။ တိုင်းရင်းဆေးခန်းသုံးဆေးအမှတ်-၂၅ ကို စားသုံးနေစဉ် ရေခဲရေ၊ ကြံရည် စသော အေးဖွဲ့သော အစားအစာများကို ရှောင်ကြဉ်သင့်ပါသည်။ တိုင်းရင်းဆေးခန်းသုံးဆေးအမှတ်-၂၇ ကို စားသုံးနေစဉ် ရေနွေးဖြင့် ရေချိုးခြင်း၊ ရေနွေးကြပ်ထုပ်ထိုးပေးခြင်း ပြုလုပ်စေကာ အေးချွဲသော အစားအစာများစားခြင်း၊ လေတိုက်ခံခြင်း၊ ရေအေးဖြင့် ရေချိုးခြင်း၊ အလုပ်ကို ပင်ပန်းမှုလွန်ကဲစွာလုပ်ကိုင်ခြင်းများကို ရှောင်ကြဉ်ခြင်းတို့ကို ပြုလုပ်သင့်ပါသည်။

တိုင်းရင်းဆေးခန်းသုံးဆေးအမှတ်-၂၉ ကို စားသုံးစဉ် ပူ၊ စပ်အရသာရှိသော အစားအစာများ စား၍ ရေနွေးဖြင့် ရေချိုးခြင်း၊ အေး၊ ချို၊ ချွဲသော အစားအစာများ စားခြင်း၊ အအေးခံလွန်းခြင်း၊ လေအေးတိုက်ခံလွန်းခြင်း စသည်တို့ကို ရှောင်ကြဉ်သင့်ပါသည်။ တိုင်းရင်းဆေးခန်းသုံးဆေးအမှတ်-၃၅ ကို စားသုံးစဉ် ပူ၊ စပ်၊ ခါး အရသာရှိသော အစားအစာကိုသာစားပြီး အအေးစာများကို ရှောင်ကြဉ်သင့်ပါသည်။ တိုင်းရင်းဆေးခန်းသုံးဆေးအမှတ်-၄၃ ကို လိမ်းနေစဉ် ခန္ဓာကိုယ်ကို နွေးထွေးအောင် နေရန်လိုအပ်ပြီး အအေးခံခြင်း၊ အပူခံခြင်းများ ရှောင်ကြဉ်သင့်ပါသည်။

ဖော်ပြပါ ဆောင်ရန်၊ ရှောင်ရန်အချက်များနှင့် ဆေးဝါးများ မှီဝဲသုံးစွဲနေစဉ် အလေးဂရုပြုရမည့်အချက်များကို သိရှိကြကာ အာနိသင်ထက်မြက်၍ စရိတ်စကသက်သာသည့် တိုင်းရင်းဆေးဝါးများကို စနစ်တကျမှီဝဲစားသုံးခြင်းဖြင့် မိမိ၏ မိသားစုဝင်များသာမက အခြားမိသားစုများအတွက်ပါ ကျန်းမာရေးစောင့်ရှောက်မှု တစ်ရပ်အဖြစ် အထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

မိတ္ထီလာကန်မှ မြို့တွင်းသို့ တစ်နေ့ ရေဂါလန်ခုနစ်သိန်းဖြန့်ဝေ တိုးချဲ့ဖြန့်ဝေပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိ

မန္တလေး ဧပြီ ၂၉

မန္တလေးမြို့တော်ဝန်၊ စည်ပင်သာယာရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးဖုန်းဇော်ဟန်သည် မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့မှ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ဧပြီ ၂၁ ရက် ညနေ ၆ နာရီခွဲက မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ မိတ္ထီလာကန်မှတစ်ဆင့် စက်ယန္တရားကြီးများလည်ပတ်၍ မြို့ ရေပေးဝေနိုင်မှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ (ယာပုံ)

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ဝန်ကြီးနှင့်အဖွဲ့သည် မိတ္ထီလာမြို့ မိတ္ထီလာကန်ရှိ မြို့ရေပေး ရေးစက်ရုံသို့ရောက်ရှိလာရာ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင် အရာရှိ ဦးသန်းအေးနှင့် တာဝန်ရှိသူ များက မိတ္ထီလာကန်မှတစ်ဆင့် ရေပေး ရေးစက်ရုံမှ စက်ယန္တရားကြီးများ အသုံးပြု၍ မိတ္ထီလာမြို့တွင်းရှိ ရပ်ကွက်များသို့ တစ်ရက်လျှင် ရေဂါလန် ခုနစ်သိန်းကျော် ဖြန့်ဖြူးပေးနိုင်မှုအခြေ အနေများနှင့် ရေတိုးချဲ့ပေးဝေနိုင်ရေး အတွက် စီစဉ်ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြကြပြီးနောက် မန္တလေး တိုင်းဒေသကြီး စည်ပင်သာယာရေး အဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင် က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဖြည့်ဆည်းဆောင်ရွက်ပေး

ထို့နောက် ဝန်ကြီးသည် မိတ္ထီလာ ကန်မှတစ်ဆင့် စက်ယန္တရားကြီးများ လည်ပတ်၍ မြို့တွင်းရှိ ရပ်ကွက်များ သို့ ရေပေးဝေနိုင်မှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီး က မိတ္ထီလာမြို့တွင်း ရေလုံလောက်စွာ ရရှိစေရေးအတွက် ရေတိုးချဲ့ပေးဝေ နိုင်ရေး စီမံဆောင်ရွက်သွားရန်၊ စက် ယန္တရားကြီးများ ကြံ့ခိုင်မှုရှိရေး၊ လုပ်ငန်းခွင်အန္တရာယ် ကင်းရှင်းရေး နှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များကို တာဝန်ရှိသူများအား မှာကြားကာ လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရ သည်။ (ဝ၄ဝ)

မြို့နယ် သတင်း ထွေထွေ

မရမ်းကုန်းမြို့နယ်၌ မူခင်းကျဆင်းရေး အသိပညာပေးဟောပြော

ရန်ကုန် ဧပြီ ၂၉

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်း မြို့နယ် အမှတ်(၃)ရပ်ကွက် အောင် သဇင်မွှောရုံ၌ ဧပြီ ၂၆ရက် ည၇ နာရီ က မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး စောနောင်နှင့် ဘုရင့်နောင် ရဲတပ်ဖွဲ့ စခန်း ရဲအုပ်နိုင်ဝင်းတို့က မူခင်း ကြိုတင်ကာကွယ်ရေးနှင့် မူခင်း ကျဆင်းရေး၊ ဖောက်ထွင်းမှု၊ ခိုးယူမှု၊ လုယက်မှု၊ ခါးပိုက်နှိုက်မှု၊ လောင်း ကစားမှု လျော့နည်းပပျောက်ရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ် သတိပြုသင့် သည့် အချက်အလက်များကို သိရှိ လိုက်နာရေးနှင့်စပ်လျဉ်း၍ အသိပညာ ပေးဟောပြောပြီး တက်ရောက်လာသူ များ၏ မေးမြန်းချက်များကို ပြန်လည် ဖြေကြားခဲ့ကြောင်း သိရှိရသည်။(ဝဲပုံ) (၀၁၅)

ဟိုပင်၌ မူးယစ်ဆေးအန္တရာယ် ပညာပေးဟောပြော

ဟိုပင် ဧပြီ ၂၉

ကချင်ပြည်နယ် မိုးညှင်းခရိုင် ဟိုပင်မြို့နယ်တွင် ကမ္ဘာ့ကျန်းမာရေး နေ့အထိမ်းအမှတ်အဖြစ် အိတ်ချ်အိုင်ဗွီ/ အေအိုင်ဒီအက်စ်၊ မူးယစ်ဆေးဝါး အန္တရာယ် ပညာပေးဟောပြောပွဲကို ဧပြီ ၇ ရက် မွန်းလွဲ ၁ နာရီက အလက စက်ကုန်း ဓမ္မာရုံခန်းမ၌ ကျင်းပ သည်။ **(အောက်ပုံ)**

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ် ရေးမှူး ဦးခိုင်မင်းကို၊ရဲတပ်ဖွဲ့ စခန်းမှူး ရဲအုပ်ရန်နိုင်ဝင်းနှင့် မြို့မိမြို့ဖ ဦးညီ လေးတို့က အမှာစကားပြောကြားကြ ပြီး ဟိုပင်မြို့နယ် တိုက်နယ်ဆေးရုံမှ တာဝန်ခံဆရာဝန် ဒေါက်တာမေသီဂီ ချိုက အိတ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ် ခုခံအားကျဆင်းမှု ကူးစက်ရောဂါ အကြောင်း သိကောင်းစရာများ၊ စွဲစေ တတ်သော ဆေးဝါးများအကြောင်းကို သုတေသနအဖွဲ့ (SARA) မှတာဝန်ခံ ဒေါက်တာနန်းလေးနွယ်က ရှင်းလင်း ပြောကြားသည်။ **(မြို့နယ် ပြန်/ဆက်)**

နွေစပါးတစ်ဧကအထွက်နှုန်းမှန်ကန်ရေး ဝေါမြို့နယ်၌ စံကွက်ရိတ်သိမ်း

ဝေါ ဧပြီ ၂၉

ဝေါမြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင် မောင်ထွေး၊ ဝေါမြို့နယ် မြေစာရင်း ဦးစီးဌာနမှူး ဦးခင်ဖေနှင့် ဝန်ထမ်း များ၊ ဝေါမြို့နယ် မြန်မာ့စိုက်ပျိုးရေး လုပ်ငန်း မြို့နယ်မန်နေဂျာ ဦးစိုးဝင်း နှင့်ဝန်ထမ်းများသည် မတ် ၃၁ ရက် နံနက် ၈ နာရီက ဝေါမြို့နယ် အင်းတိုစု ကျေးရွာအုပ်စု ကွင်းအမှတ်(၆၉၁) ကျူချောင်းဆံကွင်း၊ ဦးပိုင်အမှတ် (၁/၆)၌ တောင်သူ ဦးတင်ဝင်း စိုက်ပျိုးထားသည့် ဧက ၄၀ တွင် ဆင်းသုခ စပါးမျိုးကောင်း အဆင့် အတန်းရှိ နွေစပါးကို တစ်ဧကအထွက် နှုန်းမှန်ကန်ရေးအတွက် စံကွက်ရိတ် သိမ်းကြသည်။ **(ဝဲပုံ)**

အဆိုပါ စံကွက်ရိတ်သိမ်းရာတွင် ခြောက်သွေ့စပါးတစ်ဧက အထွက် နှုန်းမှာ ၁၀၉ ဒသမ ၈၂ တင်းနှုန်း ထွက်ရှိကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

[illegible]

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ် ၅၊ မြေကွက်အမှတ် ၁၆၅၊ မြေကွက်တည်နေရာအမှတ် ၁၆၅၊ ရွှေသာသာမြို့ပတ်လမ်း၊ (၅) ရပ်ကွက်၊ သာကေတမြို့နယ် ဦးမြင့်မောင်၊ ဦးချစ်တိုးအမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးမြင့် မောင် ကွယ်လွန်သဖြင့် ဦးမြင့်မောင်၏ ဇနီး ဒေါ်ခင်စန်း ၁၂/သကတ(နိုင်) ၁၈၉၃၉၂နှင့် ကျန်ပူးတွဲအမည်ပေါက် ဖြစ်သူ ဦးချစ်တိုး ၁၂/သကတ(နိုင်) ၀၃၉၅၇၂တို့က ကျမ်းကျိန်လွှာနှင့် သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင် ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထား လာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင် ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ။

အများသိစေရန်ကြေညာခြင်း

မော်လမြိုင်မြို့ မောင်ငံရပ်ကွက်၊ အကွက်အမှတ် ၆၇၊ ဦးပိုင်အမှတ် (၃၄/၃၇)၊ ဧရိယာ ၀ ဒသမ ၀၂၉ ဧကရှိ ဦးလွန်းငွေ၊ ဒေါ်အေးဝင်း အမည်ဖြင့် ရရှိထားသော နှစ် ၃၀ အငှားဂရန် စာချုပ်အမှတ် ၅၅/၉၄-၉၅ သည် ပျောက်ဆုံးနေပါသဖြင့် ဦးလွန်းငွေ၊ ဒေါ်အေးဝင်းအမည်ဖြင့် နှစ် ၃၀ အငှားဂရန် မိတ္တူထုတ်ပေး မည်ဖြစ်၍ ကန့်ကွက်လိုသူများရှိက ကြော်ငြာသည့်ရက်မှစ၍ ၁၄ ရက် အတွင်း ဤရုံးနှင့်ဆက်သွယ်ကန့်ကွက် နိုင်ကြောင်းအသိပေးကြေညာသည်။

ခရိုင်အုပ်ချုပ်ရေးမှူး
ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
မော်လမြိုင်ခရိုင်၊ မော်လမြိုင်မြို့။

ပျောက်ဆုံးကြောင်း

ဦးရဲထွန်းပိုင် ယာဉ်အမှတ် ၄ခ/၇၂၅၇၏ ကမ-၃ စာအုပ်ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိက အကြောင်း ကြားပါရန်။ ဖုန်း-၀၉-၄၉၃၂၆၄၁၇။

ဒဂုံဆိပ်ကမ်းအရှေ့နှင့်ရွှေပြည်သာမြေကွက်များအမြန်ဝယ်လိုသည်

ရွှေပြည်သာ - (င/၁၁၊ ၁၂၊ ၁၃၊ ၁၄) (ဃ/၁၅၊ ၁၆)၊ မြေတိုင်း ၂၉၊ ၃၀၊ ၃၂၊ ၃၆၊ ၃၇၊ ၄၅၊ ၄၆၊ ၄၇၊ ၄၈။

ဒဂုံဆိပ်ကမ်း - ၅၈၊ ၅၉၊ ၇၇၊ ၇၈၊ ၇၉၊ ၈၀၊ ၈၁၊ ၈၂၊ ၈၃ မြေကွက်များအား ဝယ်လိုသည်။

ဆက်သွယ်ရန်- အာရှမြေယာ ဖုန်း-၀၉-၇၃၀၉၁၉၇၀။

ဇနီးအဖြစ်မှ စွန့်လွှတ်ခြင်း

ကျွန်တော်၏ဇနီး ဒေါ်ရီရီကျော် ၁၂/မဂတ(နိုင်)၀၁၃၆၁၆ သည် သွန်သင်ဆုံးမမှုကို နာယူခြင်းမပြုဘဲ ကျွန်တော်၏ဂုဏ်သိက္ခာကျဆင်းအောင် ပြုမူဆောင်ရွက်ခဲ့ပါသဖြင့် ယနေ့မှစ၍ ဇနီးအဖြစ်မှ စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဦးသင်ဇော်မိုး
၁၂/ဗတထ(နိုင်)၀၁၅၄၂၄။

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။

★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ လေလိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။



နိုင်ငံတကာအဆင့်မီ ဇေယျာသီရိ အဆင့်မြင့်ဘောလုံးကွင်း တည်ဆောက်ပြီးစီးမှုမြင်ကွင်း….။

ခေတ်မီဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ ပေါ်ထွန်းလာမည် နိုင်ငံတကာအဆင့်မီ ဇေယျာသီရိ ဘောလုံးကွင်းသစ်ကြီး

➢ သတင်းမြင်ကွင်း - ကျော်သူဝင်း (မြန်မာ့အလင်း) ➢ ဓာတ်ပုံမှတ်တမ်း - သီဟ (မြန်မာ့အလင်း)

နေပြည်တော် ဧပြီ ၂၉

နိုင်ငံတကာ၌ အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေကြသည်။ အားကစားကဏ္ဍ တိုးတက်ခြင်းသည် နိုင်ငံဖွံ့ဖြိုးတိုးတက်မှု၏ ပုံရိပ်တစ်ခုလည်းဖြစ်သည်။ မြန်မာနိုင်ငံတွင်လည်း အားကစားကဏ္ဍ တိုးတက်လာစေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်အစိုးရ၏ အားပေးမြှင့်တင်မှု၊ တိုင်းရင်းသားလုပ်ငန်းရှင်များ၏ ကူညီပံ့ပိုးမှု၊ ပြည်သူများ၏ တစ်ခဲနက်အားပေးမှုတို့ဖြင့် မြန်မာ့အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာခဲ့သည်။

ကြိုးပမ်း

မြန်မာ့အားကစားကဏ္ဍ ဖွံ့ဖြိုးလာစေရေးအတွက် အရှိန်အဟုန်မြင့်စွာ ကြိုးပမ်းလျက်ရှိရာ ၂၀၁၃ ခုနှစ်တွင် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီးကို မြန်မာနိုင်ငံတွင် ကျင်းပနိုင်ရန် စီစဉ်နေပြီဖြစ်သည်။ ထို့ကြောင့် နိုင်ငံတကာအဆင့်မီ *စာမျက်နှာ ၅ ကော်လံ ၁* ✻

မှတ်သားဖွယ် မိုးရေချိန် ၂၉-၄-၂၀၁၁

ရွှေဘိုမြို့	၃ ဒသမ	၁၅ လက်မ
မြောက်ဦးမြို့	၃ ဒသမ	ဝ၇ လက်မ
ကျောက်တော်မြို့	၂ ဒသမ	၆၄ လက်မ
မိုးကုတ်မြို့	၂ ဒသမ	၄ဝ လက်မ
မုံရွာမြို့	၂ ဒသမ	၂၄ လက်မ
လားရှိုးမြို့	၁ ဒသမ	၈၉ လက်မ
မောင်တောမြို့	၁ ဒသမ	၅၃ လက်မ
မင်းဘူးမြို့	၁ ဒသမ	၃၄ လက်မ
ဟားခါးမြို့	၁ ဒသမ	၃၃ လက်မ

မြန်မာ့အလင်း ယနေ့ ဖတ်စရာ၊ မှတ်စရာ

မန်ယူတိုက်စစ်မှူး ရွန်နေနှင့် တစ်ခဏတာ။ (စာ - ၁၁)

မိုးဇမ်ဘစ်၌ မိကျောင်းများ တိုက်ခိုက်မှုကြောင့် လူ ၂၀ကျော် သေဆုံး။ (စာ - ၄)

ချုံဂျီဝူး၏ 1 Night 2 Day ဓာတ်လမ်းတွဲ ပြသမည်။ (စာ - ၁၀)

30-4 (20).pmd 1 4/30/2011, 1:46 AM